ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

နဝမနေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်**

**( ၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက် )**

**[ ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ်ကို ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၇၆.၇၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြား လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၄။**

**စောယုားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ ၂၂ - ၅ - ၂၀၁၉ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား **ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယုားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များမှာ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကော်မတီအစည်းအဝေး တက်ရောက်ရန်။ ဦးမင်းဆွေနိုင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဒေါ်လှိုးဇော၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးငွန်ဟေး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးခင်မောင်လတ်၊ ရခိုင် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်တင်ဆွေ၊ တပ်မတော်သားကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဒေါ်လှဌေး(ခ) ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအစည်းအဝေး တက်ရောက်ရန်။ ဦးဆီဟူးဒွေ့၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဦးစိုင်းသန်းနိုင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးအောင်ကြည်ညွှန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရှေးရယ်ရှုမောင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းလုံစံခတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောစိန်ထွန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကျန်းမာရေး။ ဒုတိယဗိုလ်မှူးကြီးသန့်ဆွေ၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဒေါက်တာခင်မောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးစောဘီစံသိန်းမြင့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ အစည်းအဝေး တက်ရောက်ရန်။ ဦးစောသန်းထွဋ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ အစည်းအဝေး တက်ရောက်ရန်။ ဗိုလ်မှူးချုပ်အောင်စန်းချစ်၊ တပ်မတော်သားကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဗိုလ်မှူးကြီးလှဝင်းအောင်၊ တပ်မတော်သားကိုယ်စားလှယ်၊ ကော်မတီအစည်းအဝေး တက်ရောက်ရန်တို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၇)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၄၅)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၅၂)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ်သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာပန်ကြား တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၀၉။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၁၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၄၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၅၂)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀:၁၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉ အရ လွှတ်တော် အစည်းအဝေးများတွင် ပထမတစ်နာရီသည် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်ရန်ဖြစ်သော်လည်း သတ်မှတ်ထားသည့်အချိန်အတွင်း မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း မပြီးဆုံးခဲ့ပါက အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ကို ကြိုတင်အသိပေးအပ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရောဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ငါးဖားကျေးရွာအုပ်စု၊ အင်းမကျေးရွာအနီး ပဆင - တလုတ္တော် - ထိန်ကုန်းကျော် - ငါးဖား - ကျီးတောကွက် လမ်းပေါ်ရှိ အင်းမတံတားအား သံကူကွန်ကရစ်တံတားအဖြစ် အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၁။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း က ရောဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ငါးဖားကျေးရွာအုပ်စု၊ အင်းမကျေးရွာအနီး ပဆင - တလုတ္တော်-ထိန်ကုန်းကျော်-ငါးဖား-ကျီးတောကွက် လမ်းပေါ်ရှိ အင်းမတံတားအား သံကူကွန်ကရစ်တံတားအဖြစ် အသစ်ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၂။**

**ဦးထိန်ဝင်း၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ မေးမယ့် မေးခွန်းကတော့ ရောဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ငါးဖားကျေးရွာအုပ်စု၊ အင်းမကျေးရွာအနီး ပဆင - တလုတ္တော် - ထိန်ကုန်းကျော် - ငါးဖား - ကျီးတောကွက်လမ်းပေါ်ရှိ အင်းမတံတားမှာ ပြင်ဆင်ထိန်းသိမ်း၍ မရနိုင်လောက်အောင် ပျက်စီးချို့ယွင်းနေတဲ့အတွက် အသစ်ပြန်လည်တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ဟင်္သာတမြို့နယ်၊ ငါးဖားကျေးရွာအုပ်စု၊ အင်းမရွာအနီးမှာ အင်းမချောင်းကို ဖြတ်ပြီးတော့ တည်ဆောက်ထားတဲ့ အင်းမတံတားဟာ မူလအနေအထားအရ ကျဉ်းမြောင်းတယ်။ ရေစီးအားမနိုင်တဲ့အတွက် ပျက်စီးသွားတယ်ဆိုပြီးတော့ ဒေသခံများက အကြောင်းကြားလာတဲ့အတွက် ကျွန်တော်ကိုယ်တိုင်ပဲ ၁၉-၄-၂၀၁၈ ရက်နေ့က တာဝန်ရှိသူများနှင့်အတူ သွားရောက်စစ်ဆေးကြည့်ရှုခဲ့ပါတယ်။ အဆိုပါ တံတားဟာ ဟင်္သာတမြို့နယ်၊ ပဆင - တလုတ္တော် - ထိန်ကုန်းကျော် -

ငါးဖား – ကျီးတောကွက် လမ်းဒေသအခေါ် ဂျီကိုလမ်းပေါ်မှာရှိပြီး အလျား(၃၃)ပေ၊ အကျယ် (၁၃)ပေ အမြင့်(၁၄)ပေ ရှိတဲ့ သစ်သားတံတားဖြစ်ပြီးတော့ ကြမ်းခင်းများမှာ ပြင်ဆင်အသုံးပြု၍ မရနိုင်လောက်အောင် ပျက်စီးနေတာကို တွေ့မြင်ခဲ့ရပါတယ်။ Abutment များမှာ ရှေ့သို့ လန်ကျ ပျက်စီးနေတဲ့အပြင် Wing Wall များလည်း ပြုတ်ထွက်နေကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။ တံတားရဲ့ အထက်နဲ့အောက် နှစ်ဖက်စလုံးမှာ လွန်ခဲ့တဲ့နှစ်က ရေစီးရေလာကောင်းအောင် ဆည်မြောင်းဦးစီးဌာနက အနက်(၇)ပေခန့်ရှိတဲ့ ရေမြောင်း ထပ်မံတူးဖော်လိုက်တဲ့အခါမှာ ရေလယ် တိုင်တွေက ရေမြောင်းကြမ်းခင်းရဲ့ မျက်နှာပြင်အထက် (၅)ပေမှ (၇)ပေအတွင်း ရောက်ရှိသွားပြီးတော့ ကြံ့ခိုင်မှု မရှိတော့တဲ့အနေအထားကို ရောက်ရှိသွားကြောင်း စစ်ဆေးတွေ့ရှိခဲ့ရပါတယ်။


ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲတင်ပြခွင့်ပြုပါရန် လေးစားစွာ ခွင့်တောင်းခံအပ် ပါတယ်။ ပြထားတဲ့ အနေအထားက အင်းမတံတားပါ။ အောက်ဘက်က ပုံကတော့ ပြိုကျနေတဲ့ အနေအထား ဖြစ်ပါတယ်။ ဒါကတော့ ဆည်မြောင်းဦးစီးဌာနကနေပြီး မြောင်းတူးဖော်လိုက်တဲ့ အတွက် ရေနက်ကြောင်းက တော်တော်လေး ရေစီးသန်သွားတာရှိတယ်။ ရေနုတ်မြောင်းရဲ့ အပေါ်လေးမှာပဲ တံတားက ကျန်ခဲ့တဲ့အနေအထားဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ သွားရောက်ပြီးတော့ စစ်ဆေးကြည့်ရှုတဲ့အခါမှာ လက်ရန်းပြုတ်ထွက်နေတာတွေ ပြိုကျပျက်စီးနေတာတွေ တွေ့ရှိရတဲ့ အနေအထားပါ။ ဒါကတော့ အင်းမတံတား တည်ရှိတဲ့ မြေပုံအနေအထား ဖြစ်ပါတယ်။ ဝိုင်းထားတဲ့ နေရာကတော့ အင်းမတံတားဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ပိတ်လို့ရပါပြီ။ စစ်ဆေးတွေ့ရှိချက် အရ ဒီတံတားကို ကုန်တင်ကားများ ဖြတ်သန်းသွားလာ၍ မရတော့တဲ့ အနေအထား ဖြစ်နေပါတယ်။

ဒီအင်းမတံတားက ပြာသာ၊ ကရင်အင်း၊ ထိန်ငူ၊ ငါးဖား စတဲ့ ကျေးရွာအုပ်စုမှ ကျေးရွာပေါင်း(၂၆)ရွာနဲ့ လူဦးရေပေါင်း(၁၃၀၀၀)နီးပါးတို့ ဖြတ်သန်းသွားလာ အသုံးပြုနေတဲ့ အနေအထား ဖြစ်တဲ့အတွက် အဆိုပါတံတားအား ရေပြင်လိုအပ်ချက်အရ မိုးမကျမီ ပြင်ဆင်ပေးဖို့ ဒါမှမဟုတ်လည်း အသစ်ဆောက်လုပ်ပေးဖို့ဆိုပြီး သက်ဆိုင်ရာကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန နဲ့ ညှိနှိုင်းပြီး ဆောင်ရွက်ခဲ့ပါတယ်။ သက်ဆိုင်ရာဦးစီးဌာနကလည်း ပျက်စီးနေတဲ့ သစ်သားတံတား နေရာမှာ အရှည်(၅၀)ပေ၊ အကျယ်(၂၀)ပေ၊ အမြင့်(၂၁)ပေရှိတဲ့ သံကူကွန်ကရစ်တံတားအဖြစ် အသစ်တည်ဆောက်ပေးဖို့ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေမှာ ဒုတိယ ဦးစားပေး အဖြစ် တင်ပြထားကြောင်း သိရှိရသော်လည်းပဲ ယနေ့တိုင် ဆောင်ရွက်ပေးမှု မရှိတဲ့အတွက် ဒေသခံ တောင်သူတွေက ဒေသထွက် ပဲ၊ ပြောင်း၊ စပါးသီးနှံတွေကို သယ်ယူပို့ဆောင်တဲ့နေရာမှာ အခက်အခဲတွေ များစွာတွေ့ကြုံနေရကြောင်း တင်ပြလာတဲ့အတွက် ဒီတံတားကို အမြန်ဆုံး တည်ဆောက်ပေးဖို့ အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။


ကွင်းဆင်းစစ်ဆေးမှု ဓာတ်ပုံမှတ်တမ်းများ မြင်ကွင်းပုံ (ဘ)




ကွင်းဆင်းစစ်ဆေးမှု ဓာတ်ပုံမှတ်တမ်းများ မြင်ကွင်းပုံ (ဘ-၁)



ကွင်းဆင်းစစ်ဆေးမှု ဓာတ်ပုံမှတ်တမ်းများ မြင်ကွင်းပုံ (ဘ-၂)




**မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ ကရင်ဝင်းစိန် - ဝဲကူး - တော်ပွန် လမ်းပိုင်းအား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မြေသားချဲ့ခြင်းနှင့် ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလင်းတင်ဌေး က မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ ကရင်ဝင်းစိန် - ဝဲကူး - တော်ပွန် လမ်းပိုင်းအား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မြေသားချဲ့ခြင်းနှင့် ကွန်ကရစ်လမ်း ခင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၇။**

**ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလင်းတင်ဌေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်အတွင်းမှာရှိတဲ့ ကရင်ဝင်းစိန် - ဝဲကူး - တော်ပွန်

လမ်းပိုင်းအား ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း မြေသားလမ်းချဲ့ခြင်း၊ ကွန်ကရစ်လမ်းခင်း ပေးခြင်း စသည့်လမ်းပိုင်းအား ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့် ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ဟာ အရှေ့နဲ့ အနောက် (၁၀)မိုင် (၂)ဖာလုံ၊ တောင်နဲ့မြောက် (၁၉)မိုင် (၄)ဖာလုံ ရှိပြီး မြို့နယ်ရဲ့အရှေ့ဘက်ခြမ်းမှာ မုဒုံမြို့နယ်နဲ့ မော်လမြိုင်မြို့နယ်၊ အနောက်ဘက်ခြမ်းနဲ့ တောင်ဘက်ခြမ်းမှာ မုတ္တမပင်လယ်ကွေ့၊ မြောက်ဘက်ခြမ်းတွင် ပေါင်မြို့နယ်တို့ဖြင့် ဝန်းရံထားလျက်ရှိပါတယ်။ ချောင်းဆုံမြို့နယ်ကို ရပ်ကွက် (၃)ရပ်ကွက် ကျေးရွာအုပ်စု(၄၆)အုပ်စု၊ ကျေးရွာပေါင်း(၇၈)ရွာဖြင့် ဖွဲ့စည်းထားသော မြို့နယ် တစ်မြို့နယ် ဖြစ်ပါတယ်။ ချောင်းဆုံမြို့နယ်ဟာ ဘီလူးကျွန်းဆိုတဲ့ ကျွန်းလေးပေါ်မှာတည်ရှိပြီး အခြားသောမြို့နယ်များနှင့် ကုန်းချင်းထိစပ်ခြင်းမရှိဘဲ သီးခြားရပ်တည်သောမြို့နယ်ဖြစ်တဲ့အတွက် ကြောင့် ဖွံ့ဖြိုးမှု နောက်ကျကျန်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။

ယခုအချိန်အခါမှာ မော်လမြိုင်မြို့နယ်နဲ့ တံတားထိုးပြီးတဲ့နောက်ပိုင်း ချောင်းဆုံမြို့နယ် ရဲ့ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ သိသိသာသာ တိုးတက်ပြောင်းလဲလာခဲ့ပါတယ်။ အဆိုပါဒေသ တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာချင်းဆက် လမ်းများကို လည်း အဆင့်တိုးမြှင့်သတ်မှတ်ပေးရန်လည်း အထူးပင် လိုအပ်လျက်ရှိပါတယ်။ ယခုအချိန်ခါတွင် အဆင့်မြှင့်တင်ရန် လိုအပ်လျက်ရှိသော ကရင်ဝင်းစိန် – ဝယ်ကူး – တော်ပွန် လမ်းပိုင်းဟာ ဆိုလို့ရှိရင် (၂)မိုင် (၇)ဖာလုံခန့် ရှည်လျားတာ ဖြစ်ပါတယ်။ အဆိုပါလမ်းပိုင်းကို ၂၀၁၃ ခုနှစ်တွင် မြေသားလမ်းအဖြစ် ဖောက်လုပ်ခဲ့ပြီး ကရင်ဝင်းစိန်၊ ဝယ်ကူး၊ တော်ပွန် စသည့်ကျေးရွာများမှ လူများက နေ့စဉ်နဲ့အမျှ အသုံးပြုနေသောလမ်းပိုင်း ဖြစ်ပါတယ်။

အဆိုပါလမ်းပိုင်းဟာ ယခုအချိန်ခါတွင် (၆)နှစ်ကာလရှိပြီ ဖြစ်နေတဲ့အတွက်ကြောင့် ပြုပြင်ထိန်းသိမ်းခြင်း မရှိဘဲ ယိုယွင်းပျက်စီးလျက်ရှိပါတယ်။ အဆိုပါလမ်းပိုင်းကို အဆင့်မြှင့်တင် ပေးရန် အထူးလိုအပ်လျက်ရှိပါသောကြောင့် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ် အတွင်းရှိ ကရင်ဝင်းစိန် – ဝဲကူး – တော်ပွန် လမ်းပိုင်းအား ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မြေသားချဲ့ခြင်းနှင့် ကွန်ကရစ်လမ်းအဖြစ် တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ အထက်ကျွဲချိုမော်အုပ်စု၊ ကျွဲရိုင်းခတ်အုပ်စု၊ ဒုပြင်ရှည်အုပ်စု၊ လေ့မ်းပြင်အုပ်စု၊ ပအိုးသည်မအုပ်စု၊ ဒုအိုးသည်မအုပ်စု၊ ပေါက်တောကျေးရွာအုပ်စုများရှိ ကျေးရွာများအတွက် လမ်းဦးစားပေးအဆင့်သတ်မှတ်ကာ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်ကျော်ဇံ က ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ အထက်ကျွဲချိုမော်အုပ်စု၊ ကျွဲရိုင်းခတ်အုပ်စု၊ ဒုပြင်ရှည်အုပ်စု၊ လေ့မ်းပြင်အုပ်စု၊ ပအိုးသည်မအုပ်စု၊ ဒုအိုးသည်မအုပ်စု၊ ပေါက်တောကျေးရွာအုပ်စုများရှိ ကျေးရွာများအတွက် လမ်းဦးစားပေးအဆင့် သတ်မှတ်ကာ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၀။**

**ဦးမောင်ကျော်ဇံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ ကျက်သရေ မင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် မေးမယ့်မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ အထက် ကျွဲချိုမော်အုပ်စု၊ ကျွဲရိုင်းခတ်အုပ်စု၊ လေ့မ်းပြင်အုပ်စု၊ ပအိုးသည်မအုပ်စု၊ ဒုအိုးသည်မအုပ်စု၊ ပေါက်တော ကျေးရွာအုပ်စုများရှိ ကျေးရွာများအတွက် လမ်းဦးစားပေးအဆင့် သတ်မှတ်ကာ ကျေးရွာချင်းဆက် လမ်းများ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းမှာပါရှိတဲ့ ကျေးရွာများဟာ ဘူးသီးတောင်မြို့ရဲ့ တောင်ဘက် မိုင်(၂၀)ကျော်ခန့်အကွာမှာ တည်ရှိပါတယ်။ လူဦးရေ(၇၀၀၀)ဦးကျော်ခန့်ရှိပြီး လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြပါတယ်။ တစ်ရွာနှင့်တစ်ရွာ ဆက်သွယ်သွားလာနိုင်တဲ့လမ်း မရှိဘဲ ကန်သင်းရိုးများကို ခြေလျင်ဖြတ်၍လည်းကောင်း၊ ချောင်းများကို လှေများဖြင့် ဖြတ်၍လည်းကောင်း၊ သွားလာနေကြရပါတယ်။ အချိန်မရွေးသွားလာနိုင်တဲ့ ကျေးရွာချင်းဆက်လမ်းများ သတ်မှတ်ချိတ်ဆက်ထားခြင်း မရှိတဲ့အတွက် ဒေသနေပြည်သူများရဲ့ ကျန်းမာရေးဝန်ဆောင်မှုများ၊ ပညာရေး၊ အလုပ်အကိုင်နဲ့ အခြားဝန်ဆောင်မှုများ ဖွံ့ဖြိုးရေးလုပ်ငန်းများအပေါ် သက်ရောက်နေပြီး ဆင်းရဲမှုနဲ့ မညီမျှမှုများ ကြီးမားလာနေတဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ နှာဟရိန်မြို့မှ ခွါဟရန်–လေပီး–ခွာသွားနှင့် ရေဇွာမြို့–ဂန့်ဂေါ လမ်းဆုံနေရာအထိ (၂၃)မိုင်အား ပြည်ထောင်စုလမ်းမကြီး သို့မဟုတ် ပြည်နယ်လမ်းမကြီးအဖြစ် သတ်မှတ်ပေးရန်နှင့် ပေ(၃၀)အကျယ် လမ်းတာချဲ့ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း က ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ နှာဟရိန်မြို့မှ ခွါဟရန်–လေပီး–ခွာသွားနှင့် ရေဇွာမြို့–ဂန့်ဂေါ လမ်းဆုံနေရာအထိ (၂၃)မိုင်အား ပြည်ထောင်စုလမ်းမကြီး သို့မဟုတ် ပြည်နယ်လမ်းမကြီးအဖြစ် သတ်မှတ်ပေးရန်နှင့် ပေ(၃၀)အကျယ် လမ်းတာချဲ့ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၁။**

**ဦးဘွဲခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊ လုပ်ဖော်ကိုင်ဖက် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဘွဲခိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ နှာဟရိန်မြို့မှ ခွါဟရန် – လေပီး – ခွာသွားနှင့် ရေဇွာမြို့ – ဂန့်ဂေါ လမ်းဆုံနေရာအထိ (၂၃)မိုင်အား ပြည်ထောင်စုလမ်းမကြီး သို့မဟုတ် ပြည်နယ်လမ်းမကြီးအဖြစ် သတ်မှတ်ပြီး ပေ(၃၀)အကျယ် လမ်းတာချဲ့ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ နှာဟရိန်ရွာဟာ ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၃–၉–၂၀၁၇ ရက်စွဲပါ အမိန့်စာအမှတ် (၁၁၆/၂၀၁၇) အရ မြို့အဆင့်သို့ တိုးမြှင့်ခဲ့ပြီး ဖြစ်ပါတယ်။ နှာဟရိန်မြို့မှ ဟားခါးမြို့တော်သို့ (၈၇)မိုင်၊ ဟားခါးမှ ဂန့်ဂေါသို့ (၈၅)မိုင်၊ မိုင်ပေါင်း (၁၇၀)မိုင် ဝေးကွာပြီး နှာဟရိန်မှ ဟားခါး (၈၇)မိုင်၊ ဟားခါးမှ ကလေးမြို့သို့ (၁၂၀)မိုင်၊ ပေါင်း(၂၀၇)မိုင် ဝေးကွာပါတယ်။ အခြေခံစားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများကို ကလေးမြို့နှင့် ဂန့်ဂေါမြို့မှ ဝယ်ယူတင်သွင်းနေရပြီး လမ်းခရီးဝေးကွာသည့်အတွက် သယ်ယူပို့ဆောင်ခ ကြီးမြင့်နေတာကြောင့် စားသုံးသူပြည်သူများ အခက်အခဲများစွာ တွေ့ကြုံကြရတာကို တွေ့ရှိရပါတယ်။ ယခုအခါ ဟားခါးမြို့တော် – ရေဇွာမြို့မှ မတူပီမြို့ကိုလည်းကောင်း၊ ဂန့်ဂေါ – ရေဇွာ – မတူပီကို လည်းကောင်း၊ ပြည်ထောင်စုလမ်းမကြီးအဖြစ် သတ်မှတ်ပြီးဖြစ်ရာ လမ်းတာချဲ့ခြင်း၊ ပြင်ဆင်ခြင်း၊

ကျောက်နှင့်ကတ္တရာခင်းခြင်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်နေရတဲ့အတွက် များစွာ အဆင်ပြေချောမွေ့လျက်ရှိတာကို တွေ့ရှိရပါတယ်။

ဒါပေမဲ့ ဟားခါး၊ ထန်တလန်၊ နှာဟရိန်မှ မတူပီအထိ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူထားပေမယ့် ဂန့်ဂေါ - ရေဇွာလမ်းနှင့် နှာဟရိန် - ခွာဟရန် - လေပီးမှ ရေဇွာ - ဂန့်ဂေါ လမ်းဆုံ ရာခွာသွားရွာအထိ (၂၃)မိုင်အား ယခင်က (၁၄)ပေအကျယ်ကို ကိုယ်ထူကိုယ်ထဖြင့် ဖောက်လုပ်သည့်အတွက် လမ်းများဟာ ကျဉ်းမြောင်းပြီး ကားနှင့်ဆိုင်ကယ်များ သွားလာရာမှာ များစွာအခက်အခဲရှိပါတယ်။ ဒါ့အပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးခြင်း မရှိသေးပါသဖြင့် အဆိုပါ နှာဟရိန်မြို့ - ခွာဟရန် - လေပီးမှ ခွာသွားရွာနှင့် ရေဇွာမြို့ - ဂန့်ဂေါ လမ်းဆုံ နေရာအထိကို ပြည်ထောင်စုလမ်းမကြီးအဖြစ် သို့မဟုတ် ပြည်နယ်လမ်းမကြီးအဖြစ် သတ်မှတ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် တာဝန်ယူ ဆောင်ရွက်ပေးရန်နှင့် ပေ(၃၀)အကျယ် လမ်းတာချဲ့ပေးရန် အစီအစဉ် ရှိ/မရှိကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ကလေး-ဖလမ်းလမ်းပေါ်ရှိ ထင်ရှူးစခန်းမှ ဘွာလ်ခွါး - ဘဲလွှေ - ဆွောင်းဒို - ငါမွာလ် - မွှန်ပီး - ဇောလ်နိုး - ဇောင်ကောင်းလမ်းအား လမ်းတာချဲ့ခြင်းနှင့် လိုအပ်သောနေရာများ တွင် တံတားနှင့်ရေပြွန်များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း က ချင်းပြည်နယ်၊ ကလေး - ဖလမ်း လမ်းပေါ်ရှိ ထင်ရှူးစခန်းမှ ဘွာလ်ခွါး - ဘဲလွှေ - ဆွောင်းဒို - ငါမွာလ် - မွှန်ပီး - ဇောလ်နိုး - ဇောင်ကောင်းလမ်းအား လမ်းတာချဲ့ခြင်းနှင့် လိုအပ်သောနေရာ များတွင် တံတားနှင့် ရေပြွန်များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၄။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ ချင်းပြည်နယ်၊ ကလေး-ဖလမ်း လမ်းပေါ်ရှိ ထင်ရှူးစခန်းမှ ဘွာလ်ခွါး - ဘဲလွှေ - ဆွောင်းဒို - ငါမွာလ် - မွှန်ပီး - ဇောလ်နိုး - ဇောင်ကောင်းလမ်းအား လမ်းတာချဲ့ခြင်းနှင့် မတ်စောက်သောနေရာများတွင် လမ်းသစ်ရှာဖွေပေး

ခြင်း၊ လိုအပ်သောနေရာများတွင် တံတားနှင့် ရေပြွန်များ ဆောက်လုပ်ပေးခြင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဤလမ်းဟာဆိုရင် လမ်းကြောင်းတစ်လျှောက်ရှိ ကျေးရွာများ၏ တစ်ခုတည်းသော အသက်မွေးဝမ်းကျောင်းပြုရာလမ်းဖြစ်ပါတယ်။ အနောက်ဘက်ခြမ်းရှိ ဘဲလွေး၊ ငမွာလ်၊ ဆောင်းဒိုရွာများဟာလည်း ကလေးမြို့နှင့် အခြားမြို့များ၊ ကျေးရွာများနှင့် ဆက်သွယ်သွားလာရန် အများအားဖြင့် အသုံးပြုသော လမ်းဖြစ်ပါတယ်။ ဤလမ်းတွင် ရာသီအလိုက် သီးနှံများ စိုက်ပျိုးခြင်းနှင့် ဝက်၊ ကြက်၊ ဆိတ် ကဲ့သို့သော အိမ်မွေးတိရစ္ဆာန်များ မွေးမြူခြင်းကို အဓိက လုပ်ကိုင်ကြပြီး ၎င်းသီးနှံ၊ သားငါးများကို ဤကျေးရွာချင်းဆက်လမ်းမှတစ်ဆင့် ကလေးမြို့နှင့် အခြား မြို့၊ ရွာများကို တင်ပို့ရောင်းချခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြရပါတယ်။ ဤလမ်းမှ တစ်ပါး အခြားလမ်းကြောင်းမရှိပါ။ ဤဒေသ၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးရေး၊ လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် အဓိကကျတဲ့လမ်းဖြစ်ပါတယ်။

ဘွာလ်ခွါးရွာတွင် အထက်တန်းကျောင်းရှိပြီး ပတ်ဝန်းကျင်ရွာများမှ အထက်တန်းပညာကို ဤကျောင်းတွင် လာရောက်သင်ယူကြရပါတယ်။ ကလေးများ အဆင်ပြေစွာ သွားလာ ပညာသင်ကြားနိုင်ရေး၊ ပညာရေးဝန်ထမ်းများနှင့် အခြားဌာနမှ နိုင်ငံ့ဝန်ထမ်းများ သွားလာရေး အဆင်ပြေချောမွေ့စွာဖြင့် တာဝန်ထမ်းဆောင်နိုင်ရေးအတွက် ဤကျေးရွာချင်းဆက်လမ်း ကောင်းမွန်ခြင်းသည် မရှိမဖြစ် လိုအပ်နေပါတယ်။ ကျန်းမာရေးအခြေအနေကြောင့် အခြား မြို့၊ ဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီ သွားရောက်နိုင်ရန်အတွက်လည်း အလွန်လိုအပ်နေပါတယ်။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှသာ ဤဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးလည်း ဖွံ့ဖြိုးတိုးတက်လာပြီး ဒေသရှိပြည်သူများသည်လည်း နိုင်ငံတော်အတွက် အုတ်တစ်ချပ် သဲတစ်ပွင့် ပါဝင်လာနိုင်မှာ ဖြစ်ပါတယ်။ ယခု ဤလမ်းဟာ လမ်းမြေနံရံပြိုခြင်း၊ လမ်းသားပဲ့ကျခြင်းတို့ကြောင့်လည်းကောင်း၊ မိုးရေတိုက်စားခြင်းများကြောင့်လည်းကောင်း သွားလာရေး အလွန်ခက်ခဲလျက်ရှိပါတယ်။ လမ်းမနှင့်ဖါရ်ခေါမ်းရွာကြားတွင် ရေတိုက်စားမှုကြောင့် လမ်းကြောင်း ပျောက်ပြီး (၁၂)ပေခန့်နက်၍ (၂၀)ပေခန့်ကျယ်တဲ့ မြောင်းအဖြစ် ပြောင်းလဲသွားသည့်နေရာ (၂)နေရာတွင် ကျေးရွာမှ သစ်လုံးများဖြင့် ဆောက်လုပ်ထားသော ယာယီတံတား (၂)စင်း ရှိပါတယ်။ သွားလာဖြတ်သန်းရန် အန္တရာယ်များလှသော်လည်း အခြားလမ်းလွှဲ မရှိတဲ့အတွက်ကြောင့် ဤလမ်းကြောင်းဖြင့်သာ သွားလာနေရခြင်း ဖြစ်ပါတယ်။ မကြာခဏ လမ်းချော်ခြင်း၊ လဲကျခြင်းများ ဖြစ်ပေါ်လေ့ရှိပါတယ်။ ဖါရ်ခေါမ်းရွာ အထက်နားနှင့် ရွာအောက် (၄)ဖာလုံခန့်တွင်လည်း မိုးရေတိုက်စား၍ ချောင်းပိတ်ဆို့ခြင်း၊ မြေပြိုခြင်းများကြောင့် လမ်းပိတ်ဆို့နေပါတယ်။ ဖိုင်ဇောလ်ရွာ အောက်တံတားမှ (၁၅)ပေအကွာ လမ်းကွေ့မှာလည်း ရုတ်တရက် မတ်စောက်စွာ လမ်းကြောင်း တက်သွားပါသဖြင့် အန္တရာယ်များပြီး သွားလာရန် ခက်ခဲပါတယ်။

သို့ပါသောကြောင့် ဖါရီခေါမ်းရွာအထက် ပထမတံတားမှ ထင်းရှူးစခန်းအောက် (၁)မိုင်ကျော်အကြား လမ်းသစ်ရှာဖွေပေးခြင်း၊ ဖါရီခေါမ်းရွာကျောင်းအထက်မှ ရွာအစွန်ကြား လမ်းသစ်ရှာပေးခြင်း၊ သီဟိုတံတားမှ ဖိုင်ဇောလ်ရွာဘက်အတက် ရုတ်တရက်ကွေ့ပြီး မတ်စောက်သောနေရာအား လမ်းသစ်ရှာပေးခြင်း၊ ရေပြွန်များပြုလုပ်ပေးခြင်း၊ တံတားဆောက်လုပ်ပေးခြင်း၊ (၂၄)ပေအကျယ် လမ်းတာချဲ့၍ ရေမြောင်းတူးပေးခြင်းများ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ဆိတ္တိန်း - ကမ်းဖြူ - ငါ့သရောက်မြို့ ကျောက်ချောလမ်းကို ကတ္တရာလမ်းအဆင့်သို့ ဘဏ္ဍာရေးနှစ်အလိုက် ပိုင်း၍ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း သည့် မေးခွန်း**

**အချိန်၊ ၁၀:၂၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ် က မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ဆိတ္တိန်း - ကမ်းဖြူ - ငါ့သရောက်မြို့ ကျောက်ချောလမ်းကို ကတ္တရာလမ်းအဆင့်သို့ ဘဏ္ဍာရေးနှစ်အလိုက် ပိုင်း၍ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၉။**

**ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်အတွင်း ကျောက်ပန်းတောင်းမြို့နယ်၊ ဆိတ္တိန်း - ကမ်းဖြူ - ငါ့သရောက်မြို့အထိ ကျောက်ချောလမ်းကို ကတ္တရာလမ်းအဆင့်သို့ ဘဏ္ဍာရေးနှစ်အလိုက်ပိုင်း၍ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ညောင်ဦးခရိုင်အတွင်း ကျောက်ပန်းတောင်း - တောင်သာ - မြင်းခြံကားလမ်း၊ ဆိတ္တိန်းလမ်းခွဲမှ ဆိတ္တိန်း - ကမ်းဖြူ - ငါ့သရောက်အထိ ကျောက်ခင်းလမ်းဟာ လမ်းအဆင့်အတန်း Class(A) ဖြစ်ပါတယ်။ ကျောက်ပန်းတောင်းမြို့နယ်တွင် ဆိတ္တိန်း - ကမ်းဖြူ လမ်းပိုင်းဟာ (၆)မိုင်ကျော်ရှိပြီး ၂၀၁၄ ခုနှစ်က ကျောက်ခင်းလမ်းအဆင့် ဖောက်လုပ်ခဲ့ပါတယ်။ တိုက်ရိုက်အကျိုးပြုကျေးရွာ (၇)ရွာ၊ အိမ်ခြေပေါင်း (၁၉၉၀)အိမ်၊ လူဦးရေ (၁၀၂၀၅)ဦးဖြစ်ပါတယ်။

ကမ်းဖြူကျေးရွာကြီးဟာ ဝွမ်းကပ်စောင်များ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ခဲ့ဖူးပါတယ်။ ယခုအခါမှာ တရုတ်စောင်ဈေးကွက်ကို မယှဉ်နိုင်သည်ကတစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး မကောင်းခြင်းတို့က တစ်ကြောင်းတို့ကြောင့် ဝွမ်းစောင်များ မထုတ်လုပ်နိုင်တော့ဘဲ လုပ်ငန်းများ ရပ်ဆိုင်းခဲ့ရပါတယ်။

ညောင်ဦးမြို့နယ်အတွင်း ငါ့သရောက်မြို့ – ကမ်းဖြူ လမ်းပိုင်းဟာ (၆)မိုင်ကျော်ဝေးပြီး ၂၀၁၄ ခုနှစ်က ကျောက်ခင်းလမ်းအဆင့် ဖောက်လုပ်ခဲ့ပါတယ်။ တိုက်ရိုက်အကျိုးပြုကျေးရွာ (၅)ရွာ၊ မြို့(၁)မြို့၊ အိမ်ခြေ(၁၃၃၂)အိမ်နှင့် လူဦးရေ(၄၉၂၁)ဦးဖြစ်ပါတယ်။ ဆိတ္ထိန်း – ကမ်းဖြူ – ငါ့သရောက် ကျောက်ခင်းလမ်းဟာ စုစုပေါင်း (၁၂)မိုင်ရှိပြီး မြို့(၁)မြို့၊ ကျေးရွာ (၁၂)ရွာနှင့် အိမ်ခြေ (၃၃၂၁)အိမ် လူဦးရေ (၁၅၁၂၅)ဦးတို့ကို တိုက်ရိုက်အကျိုးပြုပြီး ဤလမ်းကို မှီခို၍ တစ်နယ်လုံး အသုံးပြုနေရပါတယ်။ ငါ့သရောက်မြို့၊ တောင်ကုန်းရပ်သည် အညာဒေသ ထန်းလုပ်သားများ အသုံးပြုနေသော မရှိမဖြစ် မြူအိုးများနှင့် မြေအိုးစုံ ထုတ်လုပ်ဖြန့်ဖြူးရာ တစ်ခုတည်းသောဒေသ ဖြစ်ပါတယ်။ မြေပဲ၊ နှမ်း၊ ပဲစဉ်းငုံနှင့် ထန်းလျက်၊ မန်ကျည်း၊ ကြက်သွန် ဒေသထွက်ကုန် များစွာ ထွက်ရှိပါတယ်။ ငါ့သရောက်မြို့ မြစ်ရေတင်မှ ရေသွင်းစပါး ထုတ်လုပ်လျက်ရှိပါတယ်။

နိုင်ငံ့ဝန်ထမ်း ဦးရေ(၃၀၀)ကျော်နှင့် ဒေသစီးပွားရေး လုပ်ကိုင်နေထိုင်ကြသူများအတွက် လမ်းပန်းဆက်သွယ်ရေး ချောမွေ့ကောင်းမွန်ခြင်း မရှိပါဘူး။ (၅)နှစ်ခန့် ရှိခဲ့ပြီဖြစ်သော ကျောက်ခင်းလမ်းဟာ အခုအခါမှာ ပို၍ သွားလာရန် ခက်ခဲကြမ်းတမ်းပါတယ်။ ၎င်းကြမ်းတမ်းသော လမ်းမှာပင် ရန်ကုန်မြို့နှင့် မန္တလေးမြို့သို့ ကုန်စည်နှင့် ခရီးသည်ပို့ဆောင်ရေးကားဂိတ် (၄)ဂိတ်နှင့် ကားကြီး၊ ကားငယ် အစီးရေ (၄၀)ကျော်ခန့်ရှိပါတယ်။ ဒေသထွက်ကုန် မြန်ဆန်စွာစီးဆင်းနိုင်ရန်၊ နိုင်ငံ့ဝန်ထမ်းအပါအဝင် ဒေသခံပြည်သူများ ချောမွေ့မြန်ဆန်စွာ သွားလာနိုင်ရန်၊ စီးပွားရေးဖွံ့ဖြိုးမှု နောက်ကျကျန်ခဲ့သော နယ်သူ၊ နယ်သားများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး အစစအရာရာ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆိတ္ထိန်း – ကမ်းဖြူ – ငါ့သရောက် ကျောက်ခင်းလမ်းကို ကတ္တရာလမ်းအဆင့်သို့ ဘဏ္ဍာရေးနှစ်အလိုက် ပိုင်း၍ ဖောက်လုပ်ပေးရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၃၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၃၃။**

**ဦးကျော်လင်း (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော

ညွှန်ကြားချက်များအတိုင်း ... 

ညွှဲ့သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထိန်ဝင်း မေးမြန်းထားတဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ငါးဖား ကျေးရွာအုပ်စု၊ အင်းမကျေးရွာအနီး ပဆင - တလုတ္တော် - ထိန်ကုန်းကျော် - ငါးဖား - ကျီးတောကွက် လမ်းပေါ်ရှိ အင်းမတံတားအား သံကူကွန်ကရစ်တံတားအဖြစ် အသစ်ပြန်လည် တည်ဆောက် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့ လာတဲ့အချက်အလက်များနဲ့ ပေါင်းစပ်၍ ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ငါးဖား ကျေးရွာအုပ်စုအတွင်းရှိ ပဆင - တလုတ္တော် - ထိန်ကုန်းကျော် - ငါးဖား - ကျီးတောကွက်လမ်း ပေါ်ရှိ အင်းမတံတားမှာ ပျက်စီးယိုယွင်းနေသဖြင့် သံကူကွန်ကရစ်တံတားအဖြစ် အသစ်ပြန်လည် တည်ဆောက်ပေးရန် လိုအပ်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ အင်းမတံတားကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် တံတားတည်ဆောက်ရန် ရန်ပုံငွေ လျာထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရန်ပုံငွေ ရရှိတဲ့အချိန်မှာ သံကူကွန်ကရစ်တံတားအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးလင်းတင်ဋ္ဌေး မေးမြန်းထားတဲ့ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံ မြို့နယ်အတွင်းရှိ ကရင်ဝင်းစိန် - ဝဲကူး - တော်ပွန် လမ်းပိုင်းအား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မြေသားချဲ့ခြင်းနှင့် ကွန်ကရစ်လမ်း ခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ် ကရင်ဝင်းစိန် - ဝဲကူး - တော်ပွန် လမ်းအရှည် (၂)မိုင် (၇)ဖာလုံ လက်ရှိအခြေအနေမှာ မြေသားလမ်းဖြစ်ပြီးတော့ လာမယ့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ကျွန်တော်တို့ ရန်ပုံငွေ တင်ပြခဲ့သော်လည်းပဲ အခုလက်ရှိ ဒီနောက်ဆုံး ရန်ပုံငွေအတည်ပြုတဲ့ အချိန်မှာ ပါဝင်လာခြင်းမရှိခဲ့ပါဘူး။ ဒါကြောင့်မို့လို့ ကရင်ဝင်းစိန် - ဝဲကူး - တော်ပွန်လမ်းအဆင့် သတ်မှတ်ချက်အရ Class(B) ဦးစားပေးအဆင့်(၁)မှာ ပါဝင်တဲ့အတွက် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာငွေတွင် ထည့်သွင်းလျာထားသွားပြီး ကွန်ကရစ်လမ်း အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်ကျော်ဇံ မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင် မြို့နယ်၊ အထက်ကျွဲချိုမော်အုပ်စု၊ ကျွဲရိုင်းခတ်အုပ်စု၊ ဒုပြင်ရှည်အုပ်စု၊ လေှမ်းပြင်အုပ်စု၊ ပအိုးသည်မ အုပ်စု၊ ဒုအိုးသည်မအုပ်စု၊ ပေါက်တောကျေးရွာအုပ်စုများရှိ ကျေးရွာများအတွက် လမ်းဦးစားပေး အဆင့် သတ်မှတ်ကာ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့သော အချက်အလက်များနှင့် ပေါင်းစပ်၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၇)စုအတွင်းမှာ ကျေးရွာပေါင်း(၁၅)ရွာ ဆက်သွယ်သွားလာနိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ရမယ့် ကျေးလက်လမ်းများကို ဘဏ္ဍာရေးနှစ် အလိုက် အပိုင်းလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ အဆိုပါ ကျေးရွာ ချင်းဆက်လမ်းများအနက် ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပေါက်တော – အောင်ဇေယျ ကျေးရွာ ချင်းဆက် မြေသားလမ်းအရှည် (၂)မိုင် (၄)ဖာလုံကို ဖောက်လုပ်ခဲ့ပြီး ဘူးသီးတောင်–အင့ူမော်လမ်းမှ ပအိုးသည်ကျေးရွာသို့ ဆက်သွယ်သောလမ်းအား မြေသားလမ်းအရှည် (၁)မိုင် (၄)ဖာလုံနှင့် (၅)ပေ Box Culvert (၂)စင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။

၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင်လည်း ပေါက်တော – အောင်ဇေယျ ကျေးရွာချင်းဆက် လမ်းပေါ်မှာ (၅)ပေ Box Culvert (၅)စင်းအား ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။ ဘူးသီးတောင် – အင့ူမော်လမ်းမှ ပြိုင်းတောင် – ကျိန်ကျောင် – စက်ခေါ် – လေှမ်းပြင် ကျေးရွာချင်းဆက် မြေသား လမ်းအရှည် (၆)မိုင် (၂)ဖာလုံနှင့် ပြိုင်းတောင် – ကျွဲချိုမော် ကျေးရွာချင်းဆက် မြေသားလမ်းအရှည် (၁)မိုင် (၃)ဖာလုံတို့ကိုတော့ ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ မူလရန်ပုံငွေမှာ လျာထားပေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ကျေးရွာ (၁၅)ရွာ၊ လူဦးရေ(၁၀၀၀၀)ခန့်ကို ဆက်သွယ်သွားလာမှု လွယ်ကူရေးအတွက် ကျန်ရှိ နေတဲ့ ကျေးရွာချင်းဆက်လမ်းပိုင်းများကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် ဆက်လက် ထည့်သွင်းလျာထားပေးသွားမှာဖြစ်ပြီး ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေဖြင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲ့ခိန်း မေးမြန်းထားတဲ့ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ နှာပာရိန်မြို့မှ ခွါဟရန် – လေပီး – ခွာသွားနှင့် ရေဇွာမြို့ – ဂန့်ဂေါလမ်းဆုံအထိ

(၂၃)မိုင်ကို ပြည်ထောင်စုလမ်းမကြီး သို့မဟုတ် ပြည်နယ်လမ်းမကြီးအဖြစ် သတ်မှတ်ပေးရန်နှင့် ပေ(၃၀)အကျယ် လမ်းတာချဲ့ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ချင်းပြည်နယ် အစိုးရအဖွဲ့မှ ပေးပို့သော အချက်အလက်များနှင့် ပေါင်းစပ်၍ ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ နှာဟရိန် မြို့မှ ခွါဟရန် - လေပီး - ခွာသွားနှင့် ရေဇွာမြို့ - ဂန့်ဂေါ လမ်းဆုံအထိ အရှည် (၂၃)မိုင်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့ နှာဟရိန် - ခွါဟရန် လမ်းအရှည် (၈)မိုင်မှာ လမ်းအကျယ် (၁၈)ပေရှိ Class(A) ဦးစားပေးအဆင့်(၂) မြေသားလမ်းနှင့် ခွါဟရန် - လေပီး လမ်းအရှည် (၆)မိုင်မှာ လမ်းအကျယ် (၁၂)ပေရှိ Class(B) ဦးစားပေးဆင့်(၃) မြေသားလမ်း တို့ပါဝင်ပါတယ်။ လေပီး - ရေဇွာ - ဂန့်ဂေါ လမ်းမကြီးအထိ စုစုပေါင်းအရှည် (၄)မိုင်ခန့်နှင့် ရေဇွာ - ဂန့်ဂေါ - ခွါသွား လမ်းအရှည် (၁)မိုင်(၄)ဖာလုံ စုစုပေါင်း (၅)မိုင်(၄) ဖာလုံရှည်တဲ့ လမ်းပိုင်းကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်တဲ့ လမ်းပိုင်းများ ဖြစ်ပါတယ်။ ဆောက်လုပ် ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်သော လမ်းပိုင်းဖြစ်သည့် နှာဟရိန် - ခွါဟရန် မြေသားလမ်း အရှည် (၈)မိုင်နှင့် ခွါဟရန် - လေပီး မြေသားလမ်းအရှည် (၆)မိုင်တို့ကို ၂၀၂၀ -၂၀၂၁ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီး ဌာနများမှ တာဝန်ယူဆောင်ရွက်တဲ့လမ်းပိုင်းများ လွှဲပြောင်းလက်ခံခြင်းကို သက်ဆိုင်ရာ ပြည်နယ် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့တင်ပြပြီး ခွင့်ပြုချက်ရရှိပါက လမ်းနှင့်ပတ်သက်သော လမ်းရာဇဝင်အချက်အလက်များ၊ လမ်းတည်နေရာပြမြေပုံ၊ ဓာတ်ပုံမှတ်တမ်း များနှင့် Road Chart တို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန စီမံခန့်ခွဲမှုအောက်ရှိ လမ်းများအား လမ်းအဆင့် သတ်မှတ်ခြင်းနှင့် ကျေးရွာချင်းဆက်လမ်းများကို အဆင့်မြှင့်တင်ပြီး ဦးစီးဌာနအချင်းချင်း လမ်းလွှဲပြောင်း လက်ခံခြင်း များကို ဝန်ကြီးဌာန၏ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးသို့ တင်ပြပြီးတော့ ဆုံးဖြတ်ချက် ရယူ ဆောင်ရွက်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ချင်းပြည်နယ်၊ နှာဟရိန်မြို့မှ ခွါဟရန် - လေပီး - ခွာသွားနှင့် ရေဇွာမြို့ - ဂန့်ဂေါ လမ်းဆုံအထိ (၂၃)မိုင်ကို ပြည်ထောင်စုလမ်းမကြီး သို့မဟုတ် ပြည်နယ်လမ်းမကြီးအဖြစ် သတ်မှတ်ပေးဖို့ကတော့ ဝန်ကြီးဌာန (၂)ခုရဲ့ တာဝန်ယူဆောင်ရွက်နေတဲ့လမ်းပိုင်းတွေ ဖြစ်နေတဲ့အတွက် လောလောဆယ် သတ်မှတ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် ချင်းပြည်နယ်အတွင်းရှိ ကျေးလက်လမ်းများ (၂၄)ပေအကျယ် လမ်းတာချဲ့ခြင်းလုပ်ငန်းများကို နှစ်စဉ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း မေးမြန်းထားတဲ့ ချင်းပြည်နယ်၊ ကလေး-ဖလမ်း လမ်းပေါ်ရှိ ထင်းရှူးစခန်းမှ ဘွာလ်ခွါး – ဘဲလွေ – ဆွေ့ခင်းဒို – ငါမွာလ် – မွှန်ပီး – ဇောလ်နိုး – ဇောင်ကောင်းလမ်းအား လမ်းတာချဲ့ခြင်း၊ မတ်စောက်သောနေရာများတွင် လမ်းသစ်ရှာ ပေးခြင်းနှင့် လိုအပ်သောနေရာများတွင် တံတားနှင့် ရေပြွန်များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ချင်းပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့ထားသော အချက်အလက် များနှင့် ပေါင်းစပ်၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကလေး – ဖလမ်း လမ်းပေါ်ရှိ ထင်းရှူးစခန်းမှ တစ်ဆင့် ဘွာလ်ခွါး – ဘဲလွေ – ဆွေ့ခင်းဒို – ငါမွာလ် – မွှန်ပီး – ဇောလ်နိုး – ဇောင်ကောင်း မြေသားလမ်းအရှည် (၃၂)မိုင်၏ လက်ရှိအခြေအနေမှာ (၁၂)ပေအကျယ် မြေသားလမ်းဖြစ်ပြီးတော့ (၂၄)ပေအကျယ် လမ်းတာချဲ့ခြင်း၊ မတ်စောက်သောနေရာများတွင် လမ်းအူကြောင်းသစ် ရှာဖွေ၍ လမ်းသစ်ဖောက်လုပ်ခြင်း၊ လိုအပ်သောနေရာများတွင် တံတားနှင့် ရေပြွန်များ ဆောက်လုပ်ပေးရန် အတွက် ကွင်းဆင်းတိုင်းတာ ဆောင်ရွက်သွားရန် လောလောဆယ် စီစဉ်လျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ ကလေး – ဖလမ်းလမ်းပေါ်ရှိ ထင်းရှူး စခန်းမှ တစ်ဆင့် ဘွာလ်ခွါး – ဘဲလွေ – ဆွေ့ခင်းဒို – ငါမွာလ် – မွှန်ပီး – ဇောလ်နိုး – ဇောင်ကောင်း မြေသားလမ်းသည် Class(A) ဦးစားပေးအဆင့်(၂)မှာ ပါဝင်ပါတယ်။ လောလောဆယ်မှာတော့ တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ထားပြီး ၂၀၂၀ ဘဏ္ဍာရေးနှစ် နောက်ပိုင်းကာလများမှာ ချင်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေဖြင့် မန္တလေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ် မေးမြန်းထားတဲ့ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ဆိတ္တိန်း – ကမ်းဖြူ – ငါ့သရောက်မြို့ ကျောက်ချောလမ်းကို ကတ္တရာလမ်းအဆင့်သို့ ဘဏ္ဍာရေးနှစ်အလိုက် ပိုင်း၍ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ဖြေကြားသွားမှာဖြစ် ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်း မြို့နယ်၊ ဆိတ္တိန်း – ကမ်းဖြူ – ငါ့သရောက်မြို့ ကျောက်ချောလမ်းသည် အရှည် (၁၂)မိုင် (၅)ဖာလုံရှိ ပြီး ၎င်းလမ်းကို အဆင့်မြှင့်တင် ဆောင်ရွက်လိုက်လို့ရှိရင်တော့ ကျေးရွာပေါင်း(၂၂)ရွာ၊ အိမ်ခြေ

ပေါင်း(၃၃၂၁)အိမ်နှင့် လူဦးရေ(၁၅၀၀၀)ကျော်ကို ငါ့သရောက်မြို့နဲ့ အလွယ်တကူ ဆက်သွယ်သွား လာနိုင်မှာဖြစ်ပြီး ဒေသတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ဆိတ္ထိန်း – ကမ်းဖြူ – ငါ့သရောက် ကျောက်ချောလမ်းသည် လမ်းအဆင့် သတ်မှတ်ချက်အရ Class(A) ဦးစားပေးအဆင့်(၁)မှာ ပါဝင်တဲ့အတွက် ၂၀၁၉ – ၂၀၂၀ လာမယ့်ဘဏ္ဍာရေးနှစ်မှာ မန္တလေး တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ကတ္တရာလမ်း (၂)မိုင် (၃)ဖာလုံကို အဆင့်မြှင့်တင်ဆောင်ရွက် ပေးသွားမှာဖြစ်ပြီး ကျန်ရှိနေတဲ့ ကျောက်ချောလမ်းပိုင်းကို လာမယ့်ဘဏ္ဍာရေးနှစ်များမှာ ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေများ တင်ပြပြီး ကတ္တရာလမ်းအဖြစ် ဆက်လက်အဆင့်မြှင့်တင် ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၄၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းတဲ့ မေးခွန်း များဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်း တွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ရေပေးဝေရေးအတွက် JICA (ODA Loan) နှင့် ADB ချေးငွေတို့ဖြင့် ဆောင်ရွက်နေသည့် ရွှေနတ်တောင် ရေလှောင်တမံစီမံကိန်းမှ မြို့တွင်း ရေပေးဝေရေးလုပ်ငန်းမှာ မည်သည့်အဆင့်ရောက်ရှိနေပြီး၊ မည်သည့်အချိန်တွင် ပြည်သူများအတွက် သန့်ရှင်းရေရရှိရေး မည်သို့ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၄၂။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင် က မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ရေပေးဝေရေးအတွက် JICA (ODA Loan) နှင့် ADB ချေးငွေတို့ဖြင့် ဆောင်ရွက်နေသည့် ရွှေနတ်တောင် ရေလှောင်တမံစီမံကိန်းမှ မြို့တွင်း ရေပေးဝေရေးလုပ်ငန်းမှာ မည်သည့်အဆင့်ရောက်ရှိနေပြီး၊ မည်သည့်အချိန်တွင် ပြည်သူများအတွက် သန့်ရှင်းရေ ရရှိရေး မည်သို့ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၂။**

**ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မက မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်အောင် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ မော်လမြိုင်မြို့ဟာ မွန်ပြည်နယ်ရဲ့မြို့တော်ဖြစ်ပြီး လူဦးရေအားဖြင့် (၂၁၇၇၄၅)ဦး အိမ်ထောင်စုပေါင်း (၅၇၄၅၇)စု နေထိုင်တဲ့မြို့ဖြစ်ပါတယ်။ မြို့ပေါ်ရပ်ကွက် (၂၉)ရပ်ကွက်ရှိတဲ့အနက်မှာ ရေပေးဝေနေတဲ့ရပ်ကွက်ကတော့ (၂၃)ရပ်ကွက်သာရှိပါတယ်။ ၂၀၁၇ ခုနှစ် ကောက်ယူချက်အရ မော်လမြိုင်မြို့ရဲ့ တစ်ရက်ရေလိုအပ်ချက်ဟာ ဂါလန်ပေါင်း (၅.၄)သန်းရှိတယ်လို့ သိရပါတယ်ရှင်။ မော်လမြိုင်မြို့ရဲ့ တောင်ဘက်အခြမ်းကိုတော့ အင်္ဂလိပ်ခေတ်ကတည်းက ကင်ပွန်းခြုံကန်မှရေကို ပေးဝေနိုင်သော်လည်းပဲ ပြည်သူများလိုအပ်တဲ့ရေကို အပြည့်အဝပေးနိုင်ခြင်း မရှိခဲ့ပါဘူး။ လွန်ခဲ့တဲ့ (၁၀)နှစ်လောက်ကတည်းက မော်လမြိုင်မြို့ရဲ့ မြို့လယ်ပိုင်းမှာရှိတဲ့ ရပ်ကွက်တွေဟာ နွေမရောက်ခင်ကတည်းက ရေပြတ်လပ်မှုတွေနဲ့ ကြုံတွေ့နေရပြီးတော့ ရေကို နည်းအမျိုးမျိုးနဲ့ ဝယ်ယူသုံးစွဲနေကြရပါတယ်ရှင်။ မော်လမြိုင်မြို့ရဲ့ မြောက်ပိုင်းရပ်ကွက်တွေကတော့ အတ္တရံမြစ်ရေကို အနည်ထိုင်ကန်များကနေ တစ်ဆင့် သုံးစွဲနေကြရတဲ့အတွက် ရေသန့်စင်မှုမရှိဘဲ သုံးစွဲနေကြရတာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ အဲဒီလို မော်လမြိုင်မြို့နေပြည်သူတွေ သောက်သုံးရေအခက်အခဲ ပြေလည်စေဖို့အတွက် JICA (ODA Loan) နှင့် ADB ချေးငွေတို့နဲ့ ရွှေနတ်တောင်ဆည်ကရေကို ရေသန့်စနစ်သို့ ပြောင်းလဲခြင်းဖြင့် မော်လမြိုင်မြို့တွင်း ရေပေးဝေနိုင်ရေး စီမံကိန်းချမှတ်ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ စီမံကိန်းရဲ့တန်ဖိုးကတော့ ကျပ်သန်းပေါင်း (၁၀၀၆.၅၈) သန်းနဲ့ လုပ်ငန်းတွေလုပ်ကိုင်ဆောင်ရွက်နေပြီးတော့ စီမံကိန်းပြီးမယ့်အချိန်က ၃၁-၅-၂၀၁၇ ရက်နေ့လို့ ကျွန်မတို့ သိရှိထားပါတယ်။ ဒါပေမဲ့ အခု ၂၀၁၉ ခုနှစ် ရောက်တဲ့အချိန်အထိ မော်လမြိုင်မြို့ပေါ်မှာရှိတဲ့ ပြည်သူတွေဟာ ရေရှားပါးတဲ့ဒဏ်ကို ခံနေရဆဲဖြစ်ပါတယ်။ အထူးသဖြင့် လူနေထူထပ်တဲ့ မြို့လယ်ရပ်ကွက်တွေမှာ နွေနွေ၊ မိုးမိုး ရေကိုလုံလောက်စွာ သုံးစွဲရခြင်း မရှိပါဘူး။ ၄ ရက်မှတစ်ခါ ရေလာပြီးတော့ ရေပေးဝေမှုဟာလည်း အချိန်မမှန်တဲ့အတွက်လည်းကောင်း၊ ကျွန်မတို့ ရေကလည်း သန့်ရှင်းမှုမရှိတဲ့အတွက်လည်းကောင်း မော်လမြိုင်မြို့မှာနေထိုင်ကြတဲ့ ပြည်သူတွေဟာ ရေနဲ့ပတ်သက်ပြီး စိတ်ပျက်လက်ပျက် ရှိနေကြပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးရှင်။ ယခုနှစ်မှာလည်းပဲ ရာသီဥတုဆိုးရွားပြီး အပူရှိန်မြင့်တက်လာတာနဲ့အမျှ ကျွန်မတို့ အားထားနေရတဲ့ ကင်ပွန်းခြံကန်ကြီးကလည်း ရေခန်းသွားတဲ့နည်းတူ ရွှေနတ်တောင်ဆည်ဟာလည်း ပုံမှန်ရေအမှတ်(၉၁.၇)ပေ ရှိရာကနေပြီး ရေဝင်ပေါက်ကို ရေစီးဝင်နိုင်မှုမရှိဘဲ ရေခန်းခဲ့တဲ့အတွက် တစ်မြို့လုံးနီးပါး အပူဒဏ်နဲ့ ရေရှားပါးတဲ့ဒဏ်ကို အလူးအလဲခံစားခဲ့ကြရပါတယ်။ ကင်ပွန်းခြံကန်နဲ့ ရွှေနတ်တောင်ဆည်ကို အဓိက အားထားနေရတဲ့ မြို့ပေါ်ရပ်ကွက် (၁၀)ခုကျော်မှာ သောက်ရေနဲ့ သုံးရေ ပြတ်လပ်မှုကို ခံစားခဲ့ကြရပါတယ်။

မော်လမြိုင်မြို့နယ်လူဦးရေအရ လိုအပ်ချက်က အခု စာရင်း ကောက်ယူချက်အရဆိုရင် တစ်ရက်ကို ရေဂါလန်(၆၈)သိန်းခန့် လိုအပ်နေတယ်လို့ သိရှိရပါတယ်။ နောင်နှစ် နွေရာသီတွေအတွက်ကို ကျွန်မတို့ နိုင်ငံတော်ကနေပြီး အခုအချိန်ကတည်းက ကြိုတင်စီမံထားကြရတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ မွန်ပြည်နယ် မော်လမြိုင်မြို့ ရေပေးဝေရေးအတွက် JICA (ODA Loan) နှင့် ADB ချေးငွေတို့နဲ့ ဆောင်ရွက်နေတဲ့ ရွှေနတ်တောင် ရေလှောင်တမံစီမံကိန်းကနေပြီး မြို့တွင်းရေပေးဝေရေးလုပ်ငန်းတွေမှာ ဘယ်အဆင့်ကို ရောက်ရှိနေပြီးတော့ ဘယ်အချိန်မှာ ပြည်သူတွေအတွက် သန့်ရှင်းတဲ့ရေ အပြည့်အဝရရှိရေးကို ဘယ်လိုဆောင်ရွက်သွားမယ် ဆိုတာကို သိလိုကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းရပါတယ်ရှင်။ အားလုံး ကျေးဇူးတင်ပါတယ်။

**မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ပိုးချည်စီမံကိန်းခြံ၏ မြေရေိယာ(၁၁၂)ကေကို ပုဂ္ဂလိကလုပ်ငန်းရှင်တို့အား ငှားရမ်းခဲ့ပြီး ငှားရမ်းခြင်းစာချုပ် ပျက်ပြယ်စေသည့် ချိုးဖောက်ချက်များအရ ဝန်ကြီးဌာနမှ ပြန်လည်သိမ်းယူ၍ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ပိုးချည်လုပ်ငန်းအား ပြန်လည်ဖော်ထုတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၄၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်) က မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ပိုးချည်စီမံကိန်းခြံ၏ မြေရေိယာ(၁၁၂)ကေကို ပုဂ္ဂလိကလုပ်ငန်းရှင်တို့အား ငှားရမ်းခဲ့ပြီး ငှားရမ်းခြင်းစာချုပ် ပျက်ပြယ်စေသည့် ချိုးဖောက်ချက်များအရ ဝန်ကြီးဌာနမှ ပြန်လည်သိမ်းယူ၍ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ပိုးချည်လုပ်ငန်းအား ပြန်လည်ဖော်ထုတ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၇။**

**ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်

အပေါင်း ကျန်းမာချမ်းသာကြစေရန် ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်သန်းထွန်း (ကန်တုန်) ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ ယခင် မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း၊ ယခု သီးနှံဖွံ့ဖြိုးရေးဌာနပိုင်မြေ (၁၁၂)ဧကတို့ကို ပုဂ္ဂလိက လုပ်ငန်းရှင်များလက်သို့ နှစ်ပေါင်း(၇၀) နှစ်ရှည်ငှားရမ်းထားကြောင်း သိရှိရပါတယ်။ တစ်ဧကလျှင် တစ်သိန်းနှုန်းဖြင့် အဆိုပါမြေ (၁၁၂)ဧကအား နှစ်ပေါင်း(၇၀) ငှားရမ်းခဲ့၍ စည်းကမ်းသတ်မှတ်ချက် အရ သဘောတူခွင့်ပြုထားသည့် ကော်ဖီနှင့် ရာသီသီးနှံများကိုသာ စိုက်ပျိုးရန်နှင့် စည်းကမ်း ဖောက်ဖျက်က စာချုပ်ပျက်ပြယ်မည်ဖြစ်ကြောင်း သိရှိရပါတယ်။

လွန်ခဲ့တဲ့ ၁၉၉၅-၁၉၉၆ ခုနှစ်ကာလတုန်းက ပိုးချည်ထုတ်လုပ်ရေးအတွက် ပြင်ဦးလွင် ဒေသကို ပိုးချည်မြို့တော်အဖြစ်ပင် တင်စားခေါ်ဆိုခဲ့ကြပါတယ်။ ဒီနေရာမှာ ပိုးစာတောင်သူများကို ဗီယက်နမ်၊ ထိုင်းတို့လို နိုင်ငံတော်က အားပေးကူညီခြင်း၊ ထိုင်းဘုရင်မိသားစုက ကိုယ်တိုင်အားပေး ချီးမြှင့်ခဲ့တာကြောင့် ထိုင်းပိုးထည်ဟာ အာရှနိုင်ငံနှင့် အာဆီယံနိုင်ငံဒေသအတွင်းမှာ နာမည်ရပြီး အောင်မြင်လျက်ရှိလင့်ကစား၊ မြန်မာ့ပိုးစာစိုက်ပျိုးရေးမှာတော့ တောင်သူပိုင်မြေများကို အောက်ခြေ ဝန်ထမ်းနှင့် ဒေသအာဏာပိုင်တို့က ၁၈၉၄ ခုနှစ်၊ မြေသိမ်းဥပဒေနဲ့မညီသော မြေသိမ်းမှုများကြောင့် အခြေတည်ကာစ မြန်မာ့ပိုးစာစိုက်ပျိုးရေး အခြေမလှဖြစ်ခဲ့ပြီး စီမံကိန်းပျက်ပြားခဲ့ရပါတယ်။ ဝန်ထမ်း များဟာ အိမ်နီးချင်းအာဆီယံနိုင်ငံများကဲ့သို့ နိုင်ငံရဲ့ပိုးမွေးမြူရေးလုပ်ငန်းကို မြှင့်တင်အားပေးရန် ဖြစ်သော်လည်း နိုင်ငံ့အပေါ်ထားရှိတဲ့ ပြည်သူ့ဝန်ထမ်းစိတ်ကင်းမဲ့စွာ မမှန်မကန်မြေသိမ်းခဲ့မှု တွေကြောင့် ပိုးစာတောင်သူတို့ရဲ့ အယုံအကြည်ကင်းမဲ့ခြင်း ခါးသီးတဲ့အနေအထားတွေနဲ့ ရင်ဆိုင်ခဲ့ရ ပါတယ်။

ဒီနေရာမှာ အိမ်နီးချင်းနိုင်ငံတို့ရဲ့ လုပ်ဆောင်မှုတွေကို လေ့လာပြီး မိမိစီမံချက်ကို ထိန်းမတ်ကာ ပိုးတောင်သူများကို မြေယာပြဿနာများ မှန်မှန်ကန်ကန်ဖြေရှင်းပေးပြီး နိုင်ငံတော်ရဲ့ ပိုးစီမံချက်ကို ရှင်သန်အောင် ရှေ့ဆောင်ရှေ့ရွက် လုပ်ဆောင်ပေးရမယ့်အစား နိုင်ငံပိုင် ပိုးချည်လုပ်ငန်း ဆိုင်ရာ ပြင်ဦးလွင်ရက္ခဗေဒဥယျာဉ်ကြီးက မြန်မာ့ဒေသပိုးမွေးမြူရာဌာန အခြေခံမြေနေရာ (၁၁၂) ဧကကို ပုဂ္ဂလိကလုပ်ငန်းရှင်များထံ နှစ်ရှည်သက်တမ်း(၇၀)နဲ့ တစ်နှစ် တစ်သိန်းအာမခံကြေးငွေနဲ့ ငှားရမ်းလိုက်ခြင်း ဖြစ်ပါတယ်။ နှစ်ရှည်ငှားရမ်းခြင်းက ဒြပ်မဲ့မြန်မာ့ယဉ်ကျေးမှုတစ်ရပ်ဖြစ်တဲ့ ပိုးထည် လုပ်ငန်းကြီး ဦးလျှိုးပျောက်ကွယ်သွားမည်ကို ထည့်သွင်းစဉ်းစားဟန်မရှိကြောင်း ထင်ရှားလှပါတယ်။

ဒီနေရာမှာ မေးခွန်းမေးစရာက ပုဂ္ဂလိကလုပ်ငန်းရှင်များက မြေငှားရမ်းခြင်း၊ နှစ်ရှည် စီမံချက်နဲ့ ရင်းနှီးမြှုပ်နှံမှုများကို ယုံကြည်မှုအပြည့်နဲ့ သတ္တိရှိရှိလုပ်ဆောင်ဖို့ စဉ်းစားနိုင်ခဲ့ရင် နိုင်ငံတော်

အစိုးရ အဖွဲ့အစည်းဖြစ်တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကြီးက ယုံကြည်မှု အပြည့်နဲ့ ပိုးချည်လုပ်ငန်းကို စီမံကွပ်ကဲပြီး ရှေ့ဆောင်ဦးရွက် လုပ်ဆောင်သွားဖို့ဖြစ်ပါတယ်။ ယခု လေ့လာတွေ့ရှိချက်အရ ပုဂ္ဂလိကလုပ်ငန်းရှင်များဟာ မိမိအကျိုးအတွက် ငွေကြေးကို ပဓာနဦးတည် လုပ်ဆောင်မှာဖြစ်ပြီး ယခု ကြားသိရသည်မှာ စာချုပ်ပါစည်းကမ်းချက်ပျက်ပြီး ပြင်ပမှအခြားသူများကို လက်လွှဲငှားရမ်းထားခြင်းနဲ့ အခြေအနေမှန်ကို စုံစမ်းစစ်ဆေးပြီး စည်းကမ်းဖောက်ဖျက်မှုတွေအရ စာချုပ် ဖျက်သိမ်းရမှာဖြစ်ပါတယ်။

ဌင်းအပြင် နိုင်ငံအတွင်း ပိုးချည်ထုတ်လုပ်ရေးကို စာချုပ်မှာမဖော်ပြဘဲ ပိုးစာမြေမှာ ကော်ဖီ၊ နှစ်ရှည်ပင်နှင့် ရာသီသီးနှံပင်တို့ စိုက်ပျိုးမှာဖြစ်ပြီး မြေတွင်းရေစုပ်အားကောင်းလှတဲ့ နှစ်ရှည် ယူကလစ်ပင်များ စိုက်ပျိုးခြင်းမှာလည်း လုံးဝခွင့်မပြုထိုက်တဲ့အနေအထား ဖြစ်ပါတယ်။ စာချုပ်ရဲ့ နှစ်ပေါင်း(၇၀)ကာလ ကြာရှည်ငှားရမ်းခြင်းက ယခုလက်ရှိ သက်ရှိထင်ရှားဝန်ထမ်းများ ကွယ်လွန်ပြီး မျိုးဆက်သစ်များလက်ထက်တိုင်ဖြစ်၍ နောင်လာနောက်သားတို့ ဖြေရှင်းရန်ခက်ခဲမည့် စာချုပ်ပါ အချက်အလက်များကို ယနေ့ကာလမှာပင် လိုက်နာခြင်းမရှိပါ၍ ပိုးချည်ထုတ်လုပ်သည့်မြေများကို ပိုးချည်လုပ်ငန်းအတွက်သာ လုပ်ဆောင်နိုင်ရန်၊ ပြန်လည်သိမ်းယူရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်တွင် စိုက်ပျိုးသီးနှံထွက်ကုန်များအား ဓာတ်ခွဲစမ်းသပ်ရန် ဓာတ်ခွဲခန်းတစ်ခု ခွင့်ပြုချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၅၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်မမလေး က ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်တွင် စိုက်ပျိုးသီးနှံထွက်ကုန်များအား ဓာတ်ခွဲစမ်းသပ်ရန် ဓာတ်ခွဲခန်းတစ်ခု ခွင့်ပြုချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၁။**

**ဒေါ်မမလေး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မမလေး ဖြစ်ပါတယ်ရှင်။ ကျွန်မ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ စားသုံးတဲ့သူတွေ ဘေးကင်းလုံခြုံဖို့နဲ့ စိုက်ပျိုးရေးတောင်သူတွေအတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာအလေ့အကျင့်ကောင်းတွေရရှိဖို့ဆိုပြီး ကျွန်မတို့ အမျိုးသားလွှတ်တော်

မှာ GAP နည်းစနစ် အဆိုတင်သွင်းတာ အောင်မြင်ခဲ့ပါတယ်။ အရပ်ဘက်မှာလည်း ဌာနတွေက လုပ်ဆောင်နေတယ်လို့ ကြားသိရပါတယ်။ ဒါပေမဲ့ တကယ့်မြေပြင်အခြေအနေမှာ ဌာနနဲ့တောင်သူတွေ အခက်အခဲတွေ တွေ့ကြုံနေရဆဲပါ။ ဘာလို့လဲဆိုတော့ ကျွန်မတို့ စိုက်ပျိုးတောင်သူတွေ ထွက်ရှိလာတဲ့ စိုက်ပျိုးသီးနှံနဲ့ စိုက်ပျိုးတောင်သူတွေရဲ့ စိုက်ပျိုးမြေတွေကို ဓာတ်ခွဲစမ်းသပ်ဖို့ ဓာတ်ခွဲခန်းတွေ လိုအပ်နေပါတယ်။ ကျွန်မတို့နိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံဖြစ်တဲ့အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီး (၁၄)ခုလုံးမှာ ဓာတ်ခွဲခန်းတွေ ပြည့်စုံလုံလောက်မှု မရှိပါဘူးရှင်။ ကျွန်မတို့ ရန်ကုန်မြို့တစ်မြို့တည်းမှာသာရှိတဲ့အတွက် စိုက်ပျိုးမြေတွေ ဓာတ်ခွဲစမ်းသပ်ဖို့ ဓာတ်ကြွင်းအာနိသင်တွေ ဘယ်လောက် ကျန်/မကျန်။ စိုက်ပျိုးသီးနှံတွေ ဓာတ်ကြွင်းအာနိသင်တွေ ဘယ်လောက် ရှိ/မရှိ စမ်းသပ်ဖို့ ရန်ကုန်တစ်မြို့တည်းကိုသာ ပို့ဆောင်ရပါတယ်။ ဒီအချိန်မှာ ဒီ စိုက်ပျိုးရေးဌာနကနေမှ ကုန်ကျမှုတွေ ကျခံပေးမှာလား။ စိုက်ပျိုးရေးတောင်သူတွေက ကျခံရမှာလား။ သွားလာရတဲ့ စရိတ်၊ တင်ပို့ရမယ့် တင်ပို့ခတွေ၊ စမ်းသပ်ခတွေ ဒါတွေအခက်အခဲရှိပါတယ်။

ဒါကြောင့်မို့လို့ ကျွန်မတို့ ဓာတ်ခွဲခန်းဆိုတာ ငွေကုန်ကြေးကျများပြီး ပညာရှင်တွေလည်း လိုအပ်တယ်ဆိုတာ ကျွန်မတို့ သိရှိနားလည်ထားပါတယ်။ ဒါပေမဲ့ ကျွန်မတို့ဒေသမှာ ပြည်ပကုန်သည်တွေဟာ စိုက်ပျိုးရေးထွက်ကုန်တွေကို လာရောက်ဝယ်ယူတဲ့အခါမှာ သူတို့ဆီမှာ ဓာတ်ကြွင်းမြေတွေစမ်းသပ်ဖို့၊ စိုက်ပျိုးသီးနှံတွေ ဓာတ်ကြွင်းအာနိသင်တွေ စမ်းသပ်ဖို့ ကိရိယာတွေပါလာပါတယ်။ ကျွန်မတို့ မေးမြန်းကြည့်တဲ့အချိန်မှာ မြန်မာငွေနဲ့ (၁၂)သိန်း၊ သိန်း(၄၀) အာဏာကုန်ပဲ ကုန်ပါတယ်။ ဒီလိုကိရိယာမျိုးတွေသာ ရှိမယ်ဆိုရင်လည်း ကျွန်မတို့ စိုက်ပျိုးရေးတောင်သူတွေအတွက် အဆင်ပြေပါတယ်။

ဒါကြောင့်မို့လို့ ကျွန်မတို့ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသက မြန်မာပြည်ရဲ့ စားဖိုဆောင်လို့ တင်စားခေါ်ဝေါ်ကြပါတယ်။ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်မျိုးစုံ ထွက်ရှိတဲ့ဒေသ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ ခနုဒေသမှာ စိုက်ပျိုးသီးနှံတွေကို ဓာတ်ခွဲစမ်းသပ်ဖို့ ဓာတ်ခွဲခန်းတစ်ခု ခွင့်ပြုချမှတ်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**သမဝါယမပိုင်လုပ်ငန်း (၆)ခုမှ ယခင်က နိုင်ငံတော်သို့ State Income ပေးသွင်းနေသော်လည်း ယခုအခါတွင် အသင်းဌာနများအကျိုးရှိစေရန် အကြောင်းပြပြီး ပေးသွင်းခြင်းမပြုတော့သည့် ယင်းလုပ်ငန်း (၆)ခုအား စနစ်တကျ ထိန်းသိမ်းထားမှု ရှိ/မရှိနှင့် နှစ်စဉ် အကျိုးမည်မျှရှိသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၅၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန် က သမဝါယမပိုင်လုပ်ငန်း(၆)ခုမှ ယခင်နိုင်ငံတော်သို့ State Income ပေးသွင်းနေသော်လည်း ယခုအခါတွင် အသင်းဌာနများ အကျိုးရှိစေရန် အကြောင်းပြပြီး ပေးသွင်းခြင်း မပြုတော့သည့် ယင်းလုပ်ငန်း (၆)ခုအား စနစ်တကျ ထိန်းသိမ်းထားမှု ရှိ/မရှိနှင့် နှစ်စဉ် အကျိုးမည်မျှရှိသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၄။**

**ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဟန် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ်စာအသုံးအနှုန်း သုံးစွဲခွင့်ပြုပါရန် လေးစားစွာ တင်ပြတောင်းခံအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၉၈ ခုနှစ်မှာ သမဝါယမဝန်ကြီးဌာနအနေဖြင့် အမျိုးသားဝင်ငွေ (National Income) တစ်နှစ်လျှင် နိုင်ငံခြားငွေ (၂၂)သန်းကို သမဝါယမပို့ကုန်လုပ်ငန်းမှ ရှာဖွေပေးနိုင်မှုကို အကြောင်းပြု၍ နိုင်ငံတော်ဝင်ငွေ (State Income) ပေးသွင်းမှု အခြေအနေ ဖြစ်ပေါ်လာခဲ့ပါတယ်။ သမဝါယမပို့ကုန်၊ သွင်းကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးမှ သမဝါယမဝန်ကြီးဌာန၏ (၄)လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သမဝါယမအသင်းများမှ ပြည်ပသို့ ပို့ကုန်တင်ပို့မှု၏ (၁)ရာခိုင်နှုန်းကို နိုင်ငံတော်ဝင်ငွေ (State Income) ပေးသွင်းရန် တင်ပြခဲ့ပါတယ်။ တက်ရောက်လာသော ကိုယ်စားလှယ်များမှ မိမိအသင်းပိုင်ငွေဖြင့် ဆောင်ရွက်မှုအပေါ် နိုင်ငံတော်ဝင်ငွေ (State Income) ပေးသွင်းရပါက အသင်းမှပို့ကုန်လုပ်ငန်း မဆောင်ရွက်နိုင်တော့ဘဲ လုပ်ငန်းရပ်ဆိုင်းသွားရနိုင်ကြောင်း ပြန်လည်တင်ပြခဲ့သဖြင့် သမဝါယမအသင်းများမှ ပို့ကုန်တင်ပို့မှု၏ (၁)ရာခိုင်နှုန်းကို နိုင်ငံတော်ဝင်ငွေ (State Income) ပေးသွင်းခြင်း မပြုခဲ့ကြောင်း တွေ့ရှိရပါတယ်။ ပို့ကုန်တင်ပို့မှုမှ နိုင်ငံတော်ဝင်ငွေ (State Income) ပေးသွင်းခြင်း မရှိသည့်အတွက် နိုင်ငံခြားအကူအညီ၊ ချေးငွေ၊ ထောက်ပံ့ငွေရရှိထားသည့် လုပ်ငန်းစီမံကိန်းများနှင့် အသုံးပြုခွင့်ရထားသည့် စက်နှင့် စက်ကိရိယာများ ငှားရမ်းအသုံးပြုငွေ သမဝါယမအသင်းများမှ နိုင်ငံတော်သို့

၁၉၉၈ – ၁၉၉၉ ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံတော်ဝင်ငွေ (State Income) ပေးသွင်းခဲ့ရပါတယ်။ State Income ပေးသွင်းလျက်ရှိသော လုပ်ငန်း(၆)ခုမှာ ဒေါပုံရေယာဉ်လျှောလမ်း Slide Way စီမံကိန်း လုပ်ငန်း၊ မန္တလေး နို့ချက်စက်ရုံ ငှားရမ်းဆောင်ရွက်ခြင်းလုပ်ငန်း၊ ပြင်ဦးလွင်နို့ချက်စက်ရုံ ငှားရမ်း ဆောင်ရွက်ခြင်းလုပ်ငန်း၊ မကွေးတိုင်းဒေသကြီးရှိ တန်(၃၀)ဆီစက် ငှားရမ်းဆောင်ရွက်ခြင်းလုပ်ငန်း၊ ဧရာဝတီတိုင်းဒေသကြီးရှိ တွဲသင်္ဘောများ ငှားရမ်းခြင်းလုပ်ငန်း၊ ပုဂံသမဝါယမဟိုတယ်လုပ်ငန်းတို့ ဖြစ်ပါတယ်။

ဒေါပုံရေယာဉ်လျှောလမ်း Slide Way စီမံကိန်းသည် ဒေါပုံမြို့နယ် သမဝါယမအသင်းစု ပိုင်မြေ(၂.၅၅၂)ကေ၌ ဒိန်းမတ်နိုင်ငံမှ ကူညီထောက်ပံ့ငွေများဖြင့် လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ ပြင်ဦးလွင် နို့ချက်စက်ရုံသည် ပြင်ဦးလွင်မြို့ရှိ မြေကေ(၆.၁၅)ကေပေါ်၌ ဖင်လန်နိုင်ငံ ကူညီထောက်ပံ့ သည့်ငွေဖြင့် ဆောက်လုပ်ခဲ့တာဖြစ်ပါတယ်။ မန္တလေးနို့ချက်စက်ရုံကို မြေကေ(၈.၇၂၃)ကေပေါ်၌ ဩစတြေးလျနိုင်ငံမှ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ မကွေးတိုင်းဒေသကြီးရှိ တန်(၃၀) ဆီစက်ကို အသင်းစုပိုင်မြေ (၂၉.၅၈)ကေပေါ်တွင် တည်ဆောက်ပြီး အာရှဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေ ရယူ လုပ်ဆောင်ခဲ့ပြီးဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးရှိ တွဲသင်္ဘောငှားရမ်းခြင်းလုပ်ငန်းကို ဒိန်းမတ်နိုင်ငံမှ ချေးငွေ သန်း(၃၀)ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ပုဂံသမဝါယမဟိုတယ်ကို မည်သည့်နိုင်ငံမှချေးငွေ ရယူခြင်းမရှိဘဲ သမဝါယမအသင်းစုပိုင်မြေ (၇.၈၃)ကေပေါ်တွင် ဆောက်လုပ် ထားခြင်း ဖြစ်ပါတယ်။

အထက်ပါလုပ်ငန်း (၆) ခုမှ ၁၉၉၈–၁၉၉၉ ဘဏ္ဍာရေးနှစ်မှ ၂၀၁၁ – ၂၀၁၂ ဘဏ္ဍာရေးနှစ် အထိ နိုင်ငံတော်သို့ State Income ပေးသွင်းငွေမှာ ကျပ်(၉၄၅.၉၉၆၆)သန်း ဖြစ်ပါတယ်။ နိုင်ငံခြား ချေးငွေအကူအညီဖြင့် လုပ်ဆောင်သည့်လုပ်ငန်းဖြစ်သဖြင့် လုပ်ငန်းစတင်သည့် ၁၉၉၈ – ၁၉၉၉ ဘဏ္ဍာရေးနှစ် ငွေလဲလှယ်နှုန်းဖြင့် တွက်ချက်လျှင် အထောက်အပံ့အတွက် ပေးသွင်းရမယ့်ငွေမှာ ကျပ် (၉၂.၃၇၇) သန်း ဖြစ်ပါတယ်။ ယခု နိုင်ငံတော်သို့ ပေးသွင်းငွေမှာ ကျပ် (၉၄၅.၉၉၆၆)သန်း ပေးသွင်း ခဲ့သဖြင့် ကျပ်(၈၅၃.၆၁၉)သန်း ပိုမိုပေးသွင်းခဲ့သည်ဟု ဆိုနိုင်သော်လည်း ယခုလက်ရှိ ငွေလဲလှယ် နှုန်းဖြင့် တွက်ချက်ပါက ကျပ်(၁၂၂၅၉.၄၅၇၈)သန်း လိုငွေပြလျက်ရှိပါတယ်။

၂၀၁၁–၂၀၁၂ ဘဏ္ဍာရေးနှစ်နောက်ပိုင်းတွင် နိုင်ငံတော်ဝင်ငွေ (State Income) ပေးသွင်း ငွေကို ကင်းလွတ်ခွင့်ပြုခဲ့သဖြင့် အဆိုပါလုပ်ငန်း (၆)ခုမှ နိုင်ငံတော်သို့ State Income ပေးသွင်းခြင်း မရှိတော့ကြောင်း တွေ့ရှိရပါတယ်။ အဆိုပါ လုပ်ငန်းများသည် နိုင်ငံခြားချေးငွေဖြင့် လုပ်ဆောင်ခဲ့ခြင်း၊ အသင်းပိုင်မြေပေါ်တွင် ဆောက်လုပ်ခဲ့သော လုပ်ငန်းများဖြစ်ခြင်းကြောင့် နိုင်ငံတော်နှင့် သမဝါယမ အသင်းအတွက် အကျိုးရှိရန် အထူးလိုအပ်လှပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်သို့ ယခင်က State Income ပေးသွင်းနေပါသော်လည်း ယခုအခါတွင် အသင်းဌာနများ အကျိုးရှိစေရန်အတွက် အကြောင်းပြပြီး State Income ပေးသွင်းခြင်း မပြုတော့သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ သမဝါယမအသင်းပိုင်လုပ်ငန်း (၆)ခုအား စနစ်တကျ ထိန်းသိမ်းထားမှု ရှိ/မရှိနှင့် နှစ်စဉ် အသင်းအတွက် အကျိုးမည်မျှရှိသည်ကို သိရှိလိုပါသဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးအား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၅၈။**

**ဥက္ကဋ္ဌ။**　။ မေးခွန်းများနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၅၈။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။**　။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်အောင် ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဖြေကြားပါမယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ရေပေးဝေရေးအတွက် JICA(ODA Loan)နဲ့ ADB ချေးငွေတို့ဖြင့် ဆောင်ရွက်တဲ့ ရွှေနတ်တောင် ရေလှောင်တမံစီမံကိန်းကနေ မြို့တွင်းရေပေးဝေရေးလုပ်ငန်းတွေ မည်သည့်အဆင့်ရောက်ရှိနေပြီးတော့ ဘယ်အချိန်မှာ ပြည်သူတွေ သန့်ရှင်းသောရေ ရရှိနိုင်မည်ဆိုတဲ့ အခြေအနေကို မေးမြန်းထားခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့မှာရှိတဲ့ လူဦးရေဟာ လက်ရှိအနေအထားမှာ တစ်ရက်ကို ဒီလူဦးရေအတွက် ရေလိုအပ်ချက်ဟာ ရေဂါလန် (၆.၈)သန်းခန့်ရှိပါတယ်။ သို့သော်ငြားလည်းပဲ တစ်ရက်ကို ရေဂါလန် (၄.၁)သန်းခန့်ကိုပဲ နေ့စဉ် ရေပေးဝေနေရတဲ့ အနေအထားဖြစ်ပါတယ်။ အတ္ထရံ(၁)ကနေ ရေပေးဝေရေးရပ်ကွက်(၄)ခုကို ဂါလန်(၀.၄၈)သန်း၊ အတ္ထရံ(၂) ရေပေးဝေရေး ရပ်ကွက်(၁၀)ခုကို ဂါလန်(၀.၉)သန်း၊ ကင်ပွန်းခြံ ရေပေးဝေရေး ရပ်ကွက်(၆)ခုကို ဂါလန်(၀.၇၂)သန်းနှင့် ရွှေနတ်တောင် ရေပေးဝေရေး ရပ်ကွက်(၉)ခုကို ဂါလန်(၂)သန်း နေ့စဉ် ရေပေးဝေလျက်ရှိတာ ဖြစ်ပါတယ်။

ရွှေနတ်တောင်ဆည်မှာ ရေသန့်စင်မှုစနစ် တည်ဆောက်ခြင်း၊ တိုးချဲ့ရေပိုက်လိုင်း တည်ဆောက်ခြင်းနှင့် ကန်(၃)ကန် ရေလှောင်ကန်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ဖို့ အတွက် JICA (ODA Loan) နဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ထပ်မံလိုအပ်တဲ့ ဆက်စပ်လုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။ ရေသန့်စင်စနစ် တည်ဆောက်ပြီးဖြစ်သော်လည်းပဲ အနည်ပါဝင်နှုန်း မြင့်မားနေတဲ့အတွက် တစ်ဆင့်ခံ အနည်စစ်ကန် တည်ဆောက်ခြင်းကို ၂၀၁၈ ခုနှစ်၊ ဧပြီလကနေ စက်တင်ဘာလအတွင်း ဆောင်ရွက်ခဲ့ပါတယ်။ သို့ဖြစ်တဲ့အတွက် ယခင်က တစ်ရက်ကို ရွှေနတ်တောင်ဆည်ရေ (၁.၅) သန်းခန့် တိုက်ရိုက်ဖြန့်ဝေပေးနေရာကနေ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်ကစပြီး သန့်ရှင်းတဲ့ သောက်သုံးရေ တစ်ရက် ရေဂါလန် (၂)သန်းခန့် ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ JICA (ODA Loan) ရဲ့ ဒုတိယအဆင့် ချေးငွေစီမံကိန်းမှာ မော်လမြိုင် ရေပို့၊ ရေဖြန့်ပိုက်လိုင်းများ တိုးချဲ့ဆောင်ရွက်ဖို့ Detail Design တင်ဒါခေါ်ယူခြင်းကို မိမိတို့ ဝန်ကြီးဌာနအောက်မှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ခဲ့ပြီးဖြစ်လို့ ယခုလကုန်မှာ စာချုပ် ချုပ်ဆို ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ ဒီဇိုင်းရေးဆွဲခြင်းလုပ်ငန်းကို လည်း ယခုဘဏ္ဍာနှစ်အတွင်းမှာ ပြီးစီးအောင် လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ကင်ပွန်းခြံကန်မှာ ရေသန့်စင်စနစ် တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်း လဲလှယ်တိုးချဲ့ခြင်းတို့ကိုတော့ အာရှဖွံ့ဖြိုးရေး ဘဏ်ချေးငွေနဲ့ ဆောင်ရွက်နိုင်ဖို့ ပြည်ထောင်စုအစိုးရနဲ့ ADB တို့အကြား Loan Agreement လက်မှတ်ရေးထိုးခြင်းကို ပြီးခဲ့တဲ့ ၁၂ - ၉ - ၂၀၁၈ ရက်နေ့မှာ နေပြည်တော်မှာ ပြုလုပ်ခဲ့ပြီးဖြစ် ပါတယ်။ ဆက်လက်ပြီး ပြည်ထောင်စုအစိုးရနဲ့ မွန်ပြည်နယ်အစိုးရအဖွဲ့တို့ကြား ထပ်ဆင့်ချေးငွေ စာချုပ် ချုပ်ဆိုခြင်းကို ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းများ အကောင်အထည်ဖော်ခြင်းကိုတော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ စတင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) အရ ကျွန်တော်တို့ ၂၀၁၈-၂၀၃၀ မှာ ပါဝင်တဲ့ မဟာဗျူဟာတစ်ရပ်ဖြစ်တဲ့ သဘာဝ ပတ်ဝန်းကျင် ရေရှည်တည်တံ့စေမယ့် နည်းလမ်းနဲ့ လုံခြုံစိတ်ချပြီး သာတူညီမျှရှိတဲ့ သောက်သုံးရေ ရရှိရေး ရည်မှန်းချက်နှင့်အညီ မော်လမြိုင်မြို့ ရေပေးဝေရေးအတွက် ရေအရင်းအမြစ်လုံလောက်တဲ့ အတ္ထရံမြစ်ရေကနေ ရေသန့်စင်မှုမရှိသေးတဲ့အတွက် ရေသန့်စင်မှုစနစ်ပါဝင်တဲ့ တိုးချဲ့ရေပေးရေးကို ဆောင်ရွက်ဖို့ စီမံကိန်းကုန်ကျငွေ ကျပ်(၈.၅)ဘီလီယံ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ဖြည့်စွက် ရန်ပုံငွေ၊ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတို့မှာ ဆောင်ရွက်သွားဖို့ စီမံထားပါတယ်။ ၎င်းစီမံကိန်းပြီးမယ်ဆိုရင်တော့ မော်လမြိုင်မြို့မှာရှိတဲ့ (၂၉)ရပ်ကွက်နဲ့ (၁၇)ရပ်ကွက်ကို အတ္ထရံမြစ် ရေနဲ့ သန့်ရှင်းတဲ့ရေ ပေးဝေနိုင်မှာဖြစ်ကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်ကို တင်ပြ အပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်သန်းထွန်း ရဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနမှ ဆက်လက်ဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အနေနဲ့ ပြောင်းလဲကျင့်သုံးလာတဲ့ ဈေးကွက်စီးပွားရေးစနစ် အရ အစိုးရဌာနပိုင် လုပ်ငန်းများအနက် နိုင်ငံတော်အတွက် အရှုံးကို ဝန်ထုပ်ဝန်ပိုးဖြစ်တဲ့ လုပ်ငန်း များကို လျှော့ချဖို့ နိုင်ငံတော်ဝင်ငွေ ဖြည့်ဆည်းပေးနိုင်ရန်နှင့် ပုဂ္ဂလိကအခန်းကဏ္ဍ မြှင့်တင်နိုင် ရေးအတွက်ကို ရည်ရွယ်ပြီး ဌာနပိုင်လုပ်ငန်းတွေကို ပြန်လည်စိစစ်ခဲ့ပါတယ်။ ယင်းအထဲမှာ လုပ်ထုံးလုပ်နည်းနှင့်အညီ ယခင်အစိုးရလက်ထက်က ပုဂ္ဂလိကကို ငှားရမ်းဆောင်ရွက်ရေး အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့ရာမှာ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင် မြို့နယ်မှာရှိတဲ့ စက်မှုသီးနှံဖွံ့ဖြိုးရေးဌာန၊ ယခုစိုက်ပျိုးရေးဦးစီးဌာနပိုင် ပိုးအိမ်ထုတ် ပိုးစာခြံ (၁၁၂)ကေကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်ရုံ၊ အလုပ်ရုံများ၊ ပုဂ္ဂလိကသို့ လွှဲပြောင်းငှားရမ်းရေးကော်မတီရဲ့ ၁၅-၁၂-၂၀၁၁ ရက်နေ့ အစည်းအဝေးဆုံးဖြတ်ချက် အရ ၂၇-၁၂-၂၀၁၁ ရက်နေ့မှာ ကေ(၁၀၀)နဲ့ ၄-၄-၂၀၁၂ ရက်နေ့မှာ (၁၂)ကေကို KMA Co.,Ltd အား ငှားရမ်း ဖို့ ဆောင်ရွက်ခဲ့ပါတယ်။ ရည်ရွယ်ချက်အနေနဲ့ ဒေသရေမြေနဲ့ ကိုက်ညီဖြစ်ထွန်းတဲ့ ကော်ဖီသီးနှံကို အဓိက အခြေပြုပြီး အခြားသစ်သီးဝလံ၊ သစ်ပင်များ စိုက်ပျိုးရန် ရည်ရွယ်ချက်နဲ့ ကနဦး (၁၀)နှစ် သက်တမ်းတိုးခွင့် တစ်ကြိမ်(၅)နှစ်နှင့် (၂)ကြိမ် သက်တမ်းတိုးခွင့်စနစ်နဲ့ ငှားရမ်းခဲ့ခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်မှာရှိတဲ့ ပိုးအိမ်ထုတ် ပိုးစာခြံ ကေ(၁၀၀)ကို ငှားရမ်းရေးသဘောတူစာချုပ် ချုပ်စဉ်က စာချုပ်ပါ စည်းကမ်းသတ်မှတ်ချက် များဖြစ်တဲ့ စာချုပ်ရပ်စဲခြင်းဆိုင်ရာ အပိုဒ် ၇၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)မှာ ပဋိညာဉ်စာချုပ်ဝင် တစ်ဖက်ဖက်မှာ စာချုပ်ပါ အဓိကလုပ်ငန်းတာဝန်တွေကို ဆောင်ရွက်ဖို့ ပျက်ကွက်လာရင် အဲဒီ သဘောတူစာချုပ်ကို ရပ်စဲခွင့်ရှိစေရမည် ဖြစ်ပါတယ်။ ငှားရမ်းသူရဲ့တာဝန် အပိုဒ် ၁၂၊ အပိုဒ်ခွဲ(င)မှာ အငှားချထားတဲ့ မြေနဲ့အဆောက်အအုံကို ထပ်ဆင့်ငှားရမ်းတာ၊ လွှဲအပ်၊ ပေးအပ်တာကို ထပ်ဆင့်လွှဲ ပြောင်းခြင်းကို မပြုလုပ်ဖို့ ပါရှိပြီးဖြစ်ပါတယ်။

ဌာနအနေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာ ငှားရမ်းထားတဲ့ လုပ်ငန်းရပ်တွေအပေါ်မှာ ကြီးကြပ်စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းပြီးတော့ ပုဂ္ဂလိကကို ငှားရမ်းထားတဲ့ လုပ်ငန်းတွေရဲ့ အနေ အထားဟာ သဘောတူစာချုပ်ပါ စည်းကမ်းချက်များနှင့် လိုက်နာဆောင်ရွက်မှု ရှိ/မရှိကို (၆)လ တစ်ကြိမ် စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။ စစ်ဆေးတွေ့ရှိချက်တွေအရ တင်ပြခဲ့တဲ့ သုံးသပ်ချက် တွေအပေါ်မှာအခြေခံပြီး သက်ဆိုင်ရာ ကုမ္ပဏီတွေက တိကျစွာလိုက်နာနိုင်ရေး ဌာနအနေနဲ့လည်းပဲ ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ စစ်ဆေးတွေ့ရှိချက်တွေနှင့်အညီ ကုမ္ပဏီ

တွေနဲ့ စာချုပ်ပါစည်းကမ်းအတိုင်း မဆောင်ရွက်ရင်တော့ စာချုပ်ပါစည်းကမ်းနှင့် ပြန်လည်သုံးသပ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းလည်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုရှင်းလင်းခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ ငှားရမ်းထားတဲ့ KMA Co.,Ltd ဟာ နှစ်ရှည်ပင်တွေဖြစ်တဲ့ ယူကလစ်(၆၁)ကေ၊ နာနတ်(၇) ကေ၊ သံပရာ(၁.၅)ကေ၊ နဂါးမောက်(၆)ကေ၊ မက္ကဒေမီးယား(၂)ကေ၊ မျောက်ဒို(၄)ကေ၊ ထောပတ်သီးပင် (၁၀)ကေ၊ ကော်ဖီ(၃)ကေတို့ကို စိုက်ပျိုးထားတာဖြစ်ပါတယ်။ လုပ်သားအနေနဲ့ ခြံဝန်ထမ်းတွေရဲ့ မိသားစု လူမှုရေး၊ ကျန်းမာရေးအတွက် နှစ်ရှည် အရိပ်ရပင်တွေအကြား၊ ဂျုံးမြစ်၊ စတော်ဘယ်ရီ၊ ပဲတိုင်ထောင် စတဲ့ ရာသီသီးနှံများကို ဝန်ထမ်းသက်သာစိုက်ခင်းအဖြစ် (၂)ကေခန့် စိုက်ပျိုးခွင့် ပြုထားပါတယ်။ ခြံအတွင်းမှာ လုပ်ငန်းလိုအပ်ချက်အရ မီးလိုင်းတွေ သွယ်တန်းခြင်း၊ လျှပ်စစ် မီးတိုင်များ စိုက်ထူခြင်း၊ ကျောက်ခင်း ကျောက်ထုတ်လမ်းများ၊ ခြံပတ်လမ်းများဆောင်ရွက်ခြင်း၊ ခြံစည်းရိုးပတ်လည် ချိန်းလိပ်၊ ကွန်ကရစ်တိုင်တွေ ကာရံခြင်း၊ ရေပေးဝေရေး ပိုက်လိုင်းများ သွယ်တန်းခြင်း၊ ပင်မအုတ်ရေကန်ကြီးများ တည်ဆောက်ခြင်း၊ အဝီစိတွင်း တူးဖော်ခြင်း၊ ရေစင် တည်ဆောက်ခြင်း၊ ဂိုဒေါင်ရုံနှင့်ရုံးများ ပြုပြင်မွမ်းမံခြင်းများကို ရင်းနှီးမြှုပ်နှံဆောင်ရွက်ထားကြောင်း စိစစ်တွေ့ရှိရပါတယ်။

အုပ်ချုပ်မှု ဧရိယာအနေနဲ့ ရုံး၊ ဂိုဒေါင် တည်ထောင်တဲ့ ကျောက်ခင်းလမ်းတွေ၊ ရေကန်တွေ ရေစက်အိမ်များအပါအဝင် စုစုပေါင်း(၅)ကေခန့်ရှိပါတယ်။ အရိပ်ရအပင်တွေရဲ့ အပင်ကြီးထွားမှု အလိုက် ကော်ဖီသီးနှံများ စိုက်ပျိုးဆောင်ရွက်သွားရမှာဖြစ်ပြီးတော့ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်တဲ့ ကာလဖြစ်တဲ့အတွက် လက်ရှိမှာ စိုက်ပျိုးသီးနှံတွေဟာ ဝင်ငွေမရှိသေးတဲ့ အချိန်ကာလဖြစ်ကြောင်း လည်း စစ်ဆေးတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိကာလမှာ ပိုးချည်လုပ်ငန်းအနေနဲ့ ဈေးကွက်ပြန်ပေါ်လာပြီး တိုးတက်ဖွံ့ဖြိုးလာမယ့် အခြေအနေကောင်းများ ပေါ်ပေါက်လာလျက်ရှိနေတဲ့အတွက် ကုမ္ပဏီအနေနဲ့ အရည်အသွေးကောင်း ပိုးမွေးမြူ ထုတ်လုပ်နိုင်မယ့် ပိုးစာစိုက်ပျိုးခင်းလုပ်ငန်း တိုးချဲ့လုပ်ကိုင်နိုင်ဖို့ ရာသီသီးနှံစိုက်ပျိုးလျက်ရှိတဲ့ မြေဧရိယာအပေါ်မှာ ပိုးစာပင် စိုက်ပျိုးရေးအတွက် ကုမ္ပဏီကို ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်တဲ့အတွက် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ပိုးချည်စီမံကိန်းရဲ့ မြေဧရိယာ (၁၁၂)ကေ ကို ငှားရမ်းထားတဲ့ KMA Co.,Ltd အနေနဲ့ မည်သူ တစ်ဦးတစ်ယောက်ကိုမှ ထပ်ဆင့်ငှားရမ်းထားခြင်း မရှိဘဲနဲ့ စာချုပ်ပါ စည်းကမ်းအတိုင်း လက်ရှိအနေအထားမှာ လိုက်နာ ဆောင်ရွက်လုပ်ကိုင်လျက်ရှိပါကြောင်းနှင့် စာချုပ်နှင့်အညီ စီမံအကောင်အထည်ဖော် ဆောင်ရွက်

သွားနိုင်ဖို့လည်းပဲ ဝန်ကြီးဌာနမှ ကြိုးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါခင်ဗျား။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်မမလေး ရဲ့ မေးခွန်းအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ လက်အောက် ရန်ကုန်မြို့မှာ စိုက်ပျိုးရေးထွက်ကုန်တွေကို စစ်ဆေးပေးဖို့အတွက် အစိုးရအာဏာပိုင် Competent Authority ဓာတ်ခွဲခန်းအဖြစ် ကုန်သွယ်ဖက်နိုင်ငံတွေကနေ အသိအမှတ်ပြုထားတဲ့ အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းစေရေးဆိုင်ရာ သီးနှံထွက်ကုန်များ စစ်ဆေးရေးဓာတ်ခွဲခန်းဟာ လက်ရှိ အချိန်မှာ တစ်ခုတည်းသာရှိတဲ့အနေအထား ဖြစ်ပါတယ်။ သို့သော်လည်းပဲ နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းလက်မှတ် ISO–17025 ရရှိဖို့ လိုအပ်လျက်ရှိပါတယ်။ သို့ဖြစ်တဲ့အတွက် ဓာတ်ခွဲခန်းများ ထပ်မံတည်ဆောက်ရေးဟာ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် အခြေအနေရှိနေဆဲ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ငါးလုပ်ငန်းဦးစီးဌာနလက်အောက်မှာရှိတဲ့ အဏုစိပ်မျိုးသရုပ်ခွဲခြင်းဆိုင်ရာ ဓာတ်ခွဲခန်းဟာ ဆိုရင် ၂၀၁၂ ခုနှစ်မှ စပြီးတော့ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ပုဂ္ဂလိက အဖွဲ့အစည်းရဲ့ ကူညီပံ့ပိုးမှုနဲ့ ISO – 17025 လက်မှတ် ရရှိခဲ့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ISO – 17025 လက်မှတ်ရရှိစေဖို့ အကောင်အထည်ဖော် ဆောင်ရွက်တဲ့အခါမှာ ငွေကြေးအရင်းအနှီးအပြင် အရည်အသွေးပြည့်မီတဲ့ လူ့စွမ်းအားအရင်းအမြစ်များဟာ အဓိကကျလျက်ရှိပါတယ်။ ဓာတ်ခွဲခန်းတစ်ခု တည်ဆောက်ရာမှာ ငွေကြေးရင်းနှီးမြှုပ်နှံမှုနှင့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ရင်းနှီးမြှုပ်နှံမှုအတွက် လိုအပ် ပါတယ်။ ဓာတ်ခွဲခန်း ဝန်ထမ်းတွေကို တိကျသေချာစွာ စစ်ဆေးတိုင်းတာနိုင်ဖို့အတွက် လေ့ကျင့် ဆောင်ရွက်ရတဲ့လုပ်ငန်းဟာ အနည်းဆုံး (၃)နှစ်မှ (၅)နှစ်အထိ အချိန်ယူရပါတယ်။ နိုင်ငံတကာမှာ အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းစေရေး (Food Safety) ကို အာရုံစိုက်မှု ပိုမိုမြင့်မားလာတာ နှင့်အမျှ ပိုးသတ်ဆေးဓာတ်ကြွင်းတွေ၊ မှိုဆိပ်တွေ၊ အဆိပ်ဓာတ်သတ္တုများကို စစ်ဆေးရာမှာ မျက်စိနှင့် မမြင်နိုင်အပ်တဲ့ ပမာဏတွေကို စစ်ဆေးရခြင်းဖြစ်တဲ့အတွက် ခေတ်ကာလအလိုက် နိုင်ငံတကာမှာ သုံးစွဲနေတဲ့ စက်ကိရိယာများဟာ နည်းပညာ အလွန်မြင့်မားလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဓာတ်ခွဲခန်းမှာ ဓာတ်ခွဲဖို့အတွက် ခန့်အပ်ပေးတဲ့ ဝန်ထမ်းရဲ့ အခြေခံဘွဲ့ ပညာရပ်ပေါ်မူတည်ပြီး သင်ယူနိုင်စွမ်း ရှိ/မရှိ စစ်ဆေးသုံးသပ်ဆောင်ရွက်ရပါတယ်။ ဓာတ်ခွဲအခြေခံ သင်ယူမှုတွေကို မြန်မာနိုင်ငံမှာ လက်ရှိဓာတ်ခွဲခန်းတွေမှာ လေ့လာနိုင်သော်လည်းပဲ အဆင့်မြင့်

စက်ကိရိယာကြီးများ အသုံးပြုပြီး ဓာတ်ခွဲစစ်ဆေးနိုင်ဖို့ဆိုရင် ၎င်းစက်ကိရိယာတွေရဲ့ (Background Theory) နည်းပညာတွေကို ၎င်းစက်ကိရိယာတွေရဲ့ Softwares တွေကို အသုံးပြုနိုင်ဖို့အတွက် Computer ကျွမ်းကျင်မှုကစပြီး အခြေခံသင်ယူမှု စက်ကိရိယာမှထွက်တဲ့ ကိန်းဂဏန်းတွေအပေါ်မှာ ချင့်ချိန်တွက်ချက်ခြင်း၊ နည်းပညာများသင်ယူမှုတို့ကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီလိုသင်ယူမှုတွေကို နိုင်ငံတကာ ဓာတ်ခွဲကျွမ်းကျင်ပညာရှင်ကြီးများ ဖိတ်ခေါ်ပြီး အချိန်အပိုင်းအခြားအလိုက် အနီးကပ်လေ့လာသင်ယူခြင်း၊ ပြည်ပဓာတ်ခွဲခန်းတွေရဲ့ အတွေ့အကြုံများ ရယူခြင်းနှင့် နိုင်ငံတကာကနေ နမူနာပေးပို့ခြင်းများကို ဓာတ်ခွဲပေးခြင်းဖြင့် စာမေးပွဲစစ်ဆေးမှုများကို ခံယူပြီးမှသာ ဓာတ်ခွဲကျွမ်းကျင်ပညာရှင်များအဖြစ် ရောက်ရှိလာမှာဖြစ်ပါတယ်။

ဒီအခြေအနေကို ပြီးမြောက်အောင် ပြင်ဆင်ပြီးမှသာ နိုင်ငံတကာရှိ ISO အဖွဲ့အစည်းတစ်ခုထဲသို့ ISO – 17025 လက်မှတ်ရယူရန် လျှောက်လွှာတင် လျှောက်ထားရမှာဖြစ်ပါတယ်။ လက်ရှိ အခြေအနေမှာ စိုက်ပျိုးရေးဦးစီးဌာနရှိတဲ့ ဓာတ်ခွဲခန်းဟာဖြင့် ISO – 17025 လက်မှတ်ရရှိဖို့ ကြိုးပမ်းနေရဆဲကာလပဲ ရှိနေပါသေးတယ်။ အဲဒီဓာတ်ခွဲခန်း ISO လက်မှတ်ရရှိပြီးမှသာ အတွေ့အကြုံများကိုအခြေခံပြီး တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လိုအပ်လျက်ရှိတဲ့ ဓာတ်ခွဲခန်းများ တိုးချဲ့တည်ဆောက်ရေးကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တဖက်မှာလည်း မြန်မာနိုင်ငံမှာရှိတဲ့ အစိုးရဝန်ကြီးဌာနများအောက်ရှိ ဓာတ်ခွဲခန်းများအားလုံး အဆင့်မြှင့်တင်ရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှလည်း ဒေါ်လာ(၄.၅)သန်း၊ ရင်းနှီးမြှုပ်နှံနိုင်မယ့် အစီအမံကို နိုင်ငံတော်သို့ တင်ပြထားခြင်းဖြစ်ပါတယ်။ နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ အကူအညီများရယူနိုင်ဖို့လည်းပဲ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်လျက်ရှိပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းပါ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် စပ်လျဉ်းပြီးတော့ တောင်ကြီးမြို့မှာ မြေဆီလွှာ၊ မျိုးစေ့အရည်အသွေးနှင့် သီးနှံကာကွယ်ရေး ဓာတ်ခွဲခန်းများ ဖွင့်လှစ်ထားရှိပြီးဖြစ်ပါတယ်။ စိုက်ပျိုးရေး သီးနှံထွက်ကုန်တွေကို ဓာတ်ခွဲစမ်းသပ်ဖို့ အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းစေရေးဆိုင်ရာ သီးနှံထွက်ကုန်များ စစ်ဆေးရေးဓာတ်ခွဲခန်းကို တောင်ကြီးမြို့မှာ ဖွင့်လှစ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှာင်မြို့နယ်နှင့် ပင်းတယမြို့နယ်များဟာ တောင်ကြီးနှင့် ခရီးအလှမ်းကွာဝေးခြင်းမရှိဘဲ သွားရောက်ရန် အခက်အခဲမရှိတဲ့အလျောက် တောင်ကြီးမြို့မှာရှိတဲ့ ဓာတ်ခွဲခန်းကို သွားရောက်ဓာတ်ခွဲစမ်းသပ်နိုင်မှာ ဖြစ်ပါတယ်။ စိုက်ပျိုးထွက်ကုန်သီးနှံတွေကို စစ်ဆေးနိုင်ဖို့ ဓာတ်ခွဲခန်းတစ်ခု အသစ်တည်ဆောက်ဖွင့်လှစ်နိုင်ဖို့ အနေအထားမှာ မြေနေရာ၊ အဆောက်အအုံ၊ ဓာတ်ခွဲသုံးပစ္စည်းကိရိယာများ၊ ဓာတုပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်မှုနဲ့ မိမိတင်ပြခဲ့တဲ့ ကျွမ်းကျင်ပညာရှင်မွေးထုတ်မှု စသဖြင့် လိုအပ်ချက်များ ဖြည့်ဆည်းရန်

ရှိနေတဲ့အလျောက် လတ်တလောမှာတော့ ပင်းတယမြို့နယ်မှာ ခေတ်ခွဲခန်းအသစ် ဖွင့်လှစ်သွားနိုင်မည့် အစီအစဉ် မရှိသေးပါကြောင်းနှင့် ရေရှည်မျှော်မှန်း ဆောင်ရွက်သွားမယ့် လုပ်ငန်းအစီအမံကို အဆင့်အလိုက် ထည့်သွင်းစဉ်းစား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းကို ပြန်လည်ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဟန် ရဲ့ မေးခွန်းအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဖြေကြားပေးပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ သမဝါယမအသင်းလုပ်ငန်း (၆)ခုနဲ့ပတ်သက်ပြီး လုပ်ငန်းတစ်ခုချင်းစီရဲ့ အခြေအနေကို ရှင်းလင်းတင်ပြမှာဖြစ်တဲ့အတွက် အချိန်အနည်းငယ်ပိုပေးပါရန် တင်ပြအပ်ပါတယ်။ ၁၉၉၈-၁၉၉၉ ခုနှစ် နောက်ပိုင်း သမဝါယမဝန်ကြီးဌာန၊ သမဝါယမပို့ကုန်လုပ်ငန်းကနေ အမျိုးသားဝင်ငွေ(National Income) တစ်နှစ်ကို နိုင်ငံခြားငွေ(၂၂)သန်း ရှာဖွေပေးသွင်းခဲ့မှုကို အကြောင်းပြုပြီး ၁၉၈၈ ခုနှစ်မတိုင်မီကာလက နိုင်ငံခြားချေးငွေအထောက်အပံ့ဖြင့် သမဝါယမအသင်းတွေက လုပ်ဆောင်နေတဲ့ လုပ်ငန်းစီမံကိန်း(၅)ခုနှင့် ပုဂံသမဝါယမဟိုတယ်တို့ကနေ ၁၉၉၈-၁၉၉၉ ဘဏ္ဍာရေးနှစ်ကစပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အထိ နှစ်စဉ်နိုင်ငံတော်ဝင်ငွေ (State Income)ပေးသွင်းခဲ့ပါတယ်။ စုစုပေါင်းပေးသွင်းငွေဟာ ကျပ်(၉၄၅.၉၉၆၆)သန်းဖြစ်ပါတယ်။ နိုင်ငံတော်ဝင်ငွေ(State Income)ပေးသွင်းခဲ့ရတဲ့ သမဝါယမအသင်းလုပ်ငန်းတွေရဲ့ နိုင်ငံခြားချေးငွေ ရရှိမှု၊ နိုင်ငံတော်ဝင်ငွေ ပေးသွင်းမှုနဲ့ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဆက်လက်ရှင်းလင်း တင်ပြပါ့မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါပုံရေယာဉ်လျှောလမ်း Slide Way စီမံကိန်းလုပ်ငန်းနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့ စီးပွားရေးပူးပေါင်းမှုအစီအစဉ်အရ ဒေါပုံမြို့နယ် သမဝါယမအသင်းစုပိုင်မြေပေါ်မှာ ရေယာဉ်လျှောလမ်းအပါအဝင် ရေယာဉ်ပြင်ဆင်ရေးလုပ်ငန်း စီမံကိန်း (Small Ship Repair and Slip Way Project) ကို ဒိန်းမတ်နိုင်ငံမှ နည်းပညာနှင့် စက်ကိရိယာပံ့ပိုးမှု ကျပ်(၆.၄၃၆)သန်း၊ ဗဟိုသမဝါယမအသင်းနှင့် ဒေါပုံမြို့နယ် သမဝါယမအသင်းစုတို့မှ ထည့်ဝင်ငွေကျပ် (၁၅.၀၈၇)သန်း၊ စုစုပေါင်းငွေကျပ် (၂၁.၅၂၃)သန်းနဲ့ ၁၉၈၄ ခုနှစ်မှာ စတင်ဆောင်ရွက်ခဲ့ပါတယ်။

ဒေါပုံမြို့နယ်၊ သမဝါယမအသင်းစုဟာ ၁၉၉၈-၁၉၉၉ ခုနှစ်မှ ၂၀၁၁-၂၀၁၂ ခုနှစ်အထိ နိုင်ငံတော်ဝင်ငွေ ကျပ်(၅၇.၇၇)သန်း ပေးသွင်းခဲ့တဲ့အတွက် အထောက်အပံ့ရငွေထက် ကျပ်(၅၁.၃၃၄) သန်းကို ပိုသွင်းခဲ့ပြီးဖြစ်ပါတယ်။ ရေယာဉ်လျှောလမ်းကို ၁၅-၉-၂၀၁၁ ရက်နေ့မှာ လေလံတင်ငှားရမ်းခဲ့ရာ ရွှေနှင်းဆီဆောက်လုပ်ရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်

လေလံအောင်မြင်တဲ့အတွက် ၇-၁-၂၀၁၃ ရက်နေ့မှ ၇-၁-၂၀၂၈ ရက်နေ့အထိ (၁၅)နှစ် သက်တမ်း စာချုပ်နှင့် ယခုလက်ရှိ တစ်လ ငှားရမ်းခနှုန်း ကျပ်သိန်းပေါင်း(၆၀.၄၈)သိန်းဖြင့် ငှားရမ်းထား ရှိပါတယ်။ အသင်းဝင်အသင်းများသို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ အစုပေါ် အမြတ်နှင့် စရိတ် ချီးမြှင့်ငွေ ကျပ် (၁၃၆)သိန်းနဲ့ ဝန်ထမ်းများကို လိုအပ်တဲ့ထောက်ပံ့ငွေများ ပေးနိုင်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးနို့ချက်စက်ရုံ ငှားရမ်းဆောင်ရွက်ခြင်းလုပ်ငန်းနှင့်ပတ်သက်ပြီး ဆက်လက် တင်ပြအပ်ပါတယ်။ ကိုလံဘိုစီမံကိန်းအရ ဩစတြေးလျနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု (ဗူရို)အကူအညီနဲ့ မြန်မာငွေကျပ် (၄၈.၈၃၁၄)သန်း ရယူပြီးတော့ မန္တလေးတိုင်း ဒေသကြီး သမဝါယမအသင်းစုချုပ်ပိုင် မန္တလေးနို့ချက်စက်ရုံဝင်းမြေပေါ်မှာ နို့ချက်စက်ရုံစီမံကိန်းကို ၁၉-၁၁-၁၉၈၄ ရက်နေ့မှာ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ မန္တလေးတိုင်း သမဝါယမအသင်းစုချုပ်ဟာ ၁၉၉၈-၁၉၉၉ ခုနစ် ကနေ ၂၀၁၁-၂၀၁၂ ခုနှစ်အထိ နိုင်ငံတော်အတွက် (State Income)အဖြစ် ကျပ် (၂၄၃.၄၇၄၆)သန်း ပေးသွင်းခဲ့တဲ့အတွက် အထောက်အပံ့ရငွေထက် ကျပ်(၁၉၄.၆၄၃၂)သန်း ပိုမိုပေးသွင်းခဲ့ကြောင်း တွေ့ရှိရပါတယ်။

မန္တလေးတိုင်းသမဝါယမအသင်းစုချုပ်ရဲ့ ၂၇-၁၀-၂၀၁၅ ရက်နေ့က ပြုလုပ်တဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် ၁၆-၇-၂၀၁၆ ရက်နေ့မှာ ပြုလုပ်တဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးဆုံးဖြတ်ချက်နဲ့ ဒေသခံပြည်သူ(၄၀၀)ဦးခန့် အလုပ်အကိုင် ဖန်တီးပေးနိုင်မယ့် အထည်ချုပ်စက်ရုံနှင့် Super Market၊ Shopping Centre များ၊ Shop House များ၊ RC သုံးထပ် လူနေအဆောက်အအုံများ၊ Commercial Development Project စီမံကိန်းတွေကို အသင်းစုချုပ်ရဲ့ အရပ်ရပ်ဆိုင်ရာအစည်းအဝေးဆုံးဖြတ်ချက် အရ အဲဒီစက်ရုံဝင်းအတွင်းမှာ အဆောက်အအုံများ ဆောက်လုပ် ဆောင်ရွက်ခဲ့ပါတယ်။

ဒ့ါအပြင် နို့ချက်စက်ရုံဝင်းအတွင်းမှာ Mandalay Flower ပန်းရိုးမသောက်ရေသန့်၊ ရေခဲစက်ရုံကို FDA ရဲ့ ခွင့်ပြုချက် ရယူပြီး ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်း နို့ချက်စက်ရုံဝင်းအတွင်းမှာပင် မြေဩဇာအရော စက်ရုံစီမံကိန်းကို စတင်ဆောက်လုပ်လျက်ရှိပါတယ်။ အသင်းဝင်အစုများကို အကျိုးပြုမှုအနေနဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ အစုပေါ် အမြတ်ငွေနှင့် စရိတ်ချီးမြှင့်ငွေကျပ် (၄၆၇.၅)သိန်း ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ပြင်ဦးလွင်နို့ချက်စက်ရုံနှင့် ပတ်သက်ပြီး တင်ပြအပ် ပါတယ်။ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ပိုင် ပြင်ဦးလွင်နို့ချက်စက်ရုံ မြေနေရာပေါ်မှာ ၁၉၈၄ ခုနှစ်က ဖင်လန်နိုင်ငံချေးငွေအကူအညီ ကျပ်(၇.၉၅၄)သန်းနှင့် အသင်းစုမှ ကျပ်(၄၂.၁၄၆)သိန်း ထပ်မံရင်းနှီးမြှုပ်နှံပြီး စက်ကိရိယာများနှင့် တိုးချဲ့ပြုပြင်မွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်ပြီး မန်းနို့ဆီ တံဆိပ်နဲ့ ထုတ်လုပ်ဖြန့်ဖြူးခဲ့ပါတယ်။ ၁၉၈၈-၁၉၉၉ ခုနှစ်ကနေ ၂၀၁၁-၂၀၁၂ ခုနှစ်အထိ နိုင်ငံတော်

ဝင်ငွေ(State Income)သို့ ကျပ်(၂၀.၃၄၆)သန်း ပေးသွင်းခဲ့တဲ့အတွက် ရယူခဲ့တဲ့ ချေးငွေကျပ်(၁၂.၃၉၂)သန်း ပိုမိုပေးသွင်းခဲ့ပြီးဖြစ်ပါတယ်။

အဆိုပါ နို့ချက်စက်ရုံမြေနှင့် မြေပေါ်မှာရှိတဲ့ အဆောက်အအုံ၊ စက်ရုံတွေကို မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ရဲ့ ၂၉-၇-၂၀၁၅ ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်နဲ့ နောင်ရိုးအထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းသို့ တန်ဖိုးကျပ် သိန်း(၂၃၀၂၅)နဲ့ လွှဲပြောင်းရောင်းချခဲ့ပြီး အဆိုပါ ရောင်းရငွေမှ အရင်းမပျောက် မတည်ငွေအဖြစ် မြို့နယ်သမဝါယမအသင်းစု အသင်းတစ်သင်းကို ကျပ်သိန်း (၅၀၀)စီ ထုတ်ပေးထားရှိပြီး မြို့နယ်အလိုက် သမဝါယမလုပ်ငန်းဆိုင်ရာများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ တန်(၃၀)ဆီစက် ငှားရမ်းဆောင်ရွက်ခြင်း လုပ်ငန်းနှင့်ပတ်သက်ပြီး ဆက်လက်တင်ပြပါမယ်။ မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ပိုင် တန်(၃၀)ဆီစက်လုပ်ငန်းကို ၁၉၈၆ ခုနှစ်မှာ အာရှဖွံ့ဖြိုးရေးဘဏ်ကနေ မြန်မာကျပ်ငွေ(၃.၄၄၆)သန်း ချေးယူခဲ့ပြီးတော့ မကွေးတိုင်းဒေသကြီး သမဝါယမအသင်းမှ ထည့်ဝင်ငွေကျပ် (၈.၅၂၆)သန်း စုစုပေါင်း ငွေကျပ်(၁၁.၉၇)သန်းနှင့် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပါတယ်။ အာရှဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေကို ၂၀၀၉ - ၂၀၁၀ ခုနှစ်မှာ အပြေအကျေပေးဆပ်ခဲ့ပြီးဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်အနေနဲ့ ၁၉၉၈ - ၁၉၉၉ ခုနှစ်ကနေ ၂၀၁၁ - ၂၀၁၂ ခုနှစ်အထိ နိုင်ငံတော်အတွက် (State Income) ငွေကျပ် (၈.၁၆)သန်း ပေးသွင်းခဲ့တဲ့အတွက် ရယူခဲ့တဲ့ ချေးငွေထက် ကျပ်(၄.၇၁၄)သန်း ပိုမိုပေးသွင်းခဲ့ခြင်းဖြစ်ပါတယ်။

ယခုလက်ရှိမှာ တန်(၃၀)ဆီစက်လုပ်ငန်းကို မြေလတ်သား အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းနှင့် ၂၀၁၃ ခုနှစ်ကနေ ၂၀၄၃ ခုနှစ်အထိ နှစ်(၃၀)အကျိုးတူစာချုပ် ချုပ်ဆိုခဲ့ရာ အာဖရိကမှ နှမ်းကုန်ကြမ်းတွေ တင်သွင်းခြင်း၊ အခွံချွတ်ပြီး တရုတ်၊ စင်ကာပူ၊ ထိုင်ဝမ်၊ ထိုင်းနိုင်ငံတွေကို တင်ပို့ခြင်း၊ နှမ်းများသန့်စင်ပြီး တရုတ်နိုင်ငံသို့ တင်ပို့ခြင်းနှင့် နှမ်းလှော်ဆီမွှေးအား တင်ပို့ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ အသင်းစုချုပ်အနေနဲ့ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ အစုပေါ် အမြတ်ငွေကျပ် (၅၄၇)သိန်း ထုတ်ပေးခြင်းနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မီးဘေးအန္တရာယ်ကြုံတွေ့ခဲ့ရတဲ့ မြို့နယ်(၇)မြို့နယ်ရှိတဲ့ သမဝါယမအသင်းများနဲ့ အသင်းသားတွေကို ထောက်ပံ့ငွေများ ဆောင်ရွက်ပေးခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး တွဲသင်္ဘောများ ငှားရမ်းခြင်း လုပ်ငန်းနှင့် ပတ်သက်ပြီး တင်ပြပါမယ်။ ၁၉၇၀ ပြည့်နှစ် သမဝါယမစီမံကိန်းအရ သမဝါယမသဲနှင့်မြစ်ကျောက် တူးဖော်ပို့ဆောင်ရေးဆိုင်ရာ ရေယာဉ်ငယ်များ လုပ်ငန်းစီမံကိန်းကို ဒိန်းမတ်နိုင်ငံ၊

ဒနီဒါအဖွဲ့ကနေ ပစ္စည်းတန်ဖိုး ကျပ်(၂၅.၇၁)သန်း ရယူပြီး ဆင်မလိုက် သင်္ဘောကျင်းမှာ ရော၀တီတိုင်းဒေသကြီးသမ၀ါယမအသင်းစုချုပ်က ကျောက်တက်တွဲ တွန်းသင်္ဘော(၁၆)စီးကို တည်ဆောက်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ် မှာ လုပ်ငန်း စတင်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

သမ၀ါယမအသင်းအနေနဲ့ ၁၉၉၈ – ၁၉၉၉ ခုနှစ်ကနေ ၂၀၁၁ – ၂၀၁၂ ခုနှစ်အထိ နိုင်ငံတော်ဝင်ငွေ (State Income) ကျပ်(၂၈၂.၉၄၆)သန်း ပေးသွင်းခဲ့တဲ့အတွက် စိစစ်လိုက်မယ်ဆိုရင် ရယူခဲ့တဲ့ချေးငွေထက် ကျပ်(၂၅၇.၂၃၆)သန်းကို သွင်းခဲ့ပြီးဖြစ်ပါတယ်။ မြစ်ကျောက်စရစ်ဈေးကွက် ဈေးနှုန်းတွေကျဆင်းလာမှု၊ သယ်ယူမှုအပိုင်းကျဆင်းလာမှုနဲ့ စီးပွားရေးလုပ်ငန်းအတွက် တွက်ချေမကိုက်မှုတို့ကြုံတွေ့လာရတဲ့အတွက် ၂၄–၈–၂၀၁၇ ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ အသင်းစုချုပ်ရဲ့ ၂၀၁၆–၂၀၁၇ ခုနှစ်နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးမှာ ထုခွဲရောင်းချဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ၁၄–၄–၂၀၁၈ ရက်နေ့ မြန်မာ့အလင်းသတင်းစာမှာ လေလံကြော်ငြာခဲ့ပြီး လေလံအောင်မြင်သူ(၄)ဦးကို ကျပ်(၂၆၅၅.၅)သိန်းနဲ့ ရောင်းချခဲ့ပြီးဖြစ်ပါတယ်။ အဲဒီ ထုခွဲရောင်းချငွေတွေကို အသင်းစုချုပ်ရဲ့ လုပ်ငန်းတိုးချဲ့ရေးရန်ပုံငွေသို့ ထည့်ဝင်ခဲ့ပြီး အဲဒီငွေထဲကနေ ကျောင်းကုန်းမြို့နယ်မှာရှိတဲ့ ထက်ရောသမ၀ါယမအသင်းပိုင် ဓာတ်မြေဩဇာ(အရော)စက်ရုံကို ကျပ်သိန်း(၁၀၀၀) ရင်းနှီးမြှုပ်နှံဖို့ ဆောင်ရွက်ခဲ့ပါတယ်။ အသင်းဝင်အသင်းစုများသို့ ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ် အစုအပေါ်အမြတ်နှင့် စရိတ်ချီးမြှင့်ငွေ ကျပ်သိန်း(၉၈၀)ကျော်နဲ့ သာရေး၊ နာရေးချီးမြှင့်ငွေ ကျပ်(၁၀)သိန်းကျော် ထောက်ပံ့နိုင်ခဲ့ကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဂံသမ၀ါယမဟိုတယ်လုပ်ငန်းနဲ့ ပတ်သက်ပြီး ဆက်လက်တင်ပြပါမယ်။ ညောင်ဦးမြို့နယ်၊ ပုဂံသမ၀ါယမဟိုတယ်ကို မူလက ညောင်ဦးမြို့နယ်၊ အနော်ရထာအထွေထွေစီးပွားရေးလုပ်ငန်းသမ၀ါယမအသင်းရဲ့ ပုဂံမြို့ဟောင်းမှာရှိတဲ့ အသင်းပိုင်မြေ(၃)ကေအပေါ်မှာ ၁၉၇၂–၁၉၇၃ ခုနှစ်မှ စတင်ပြီး တည်းခိုခန်းတွေ ဖွင့်လှစ်ခဲ့ပါတယ်။ အဆောက်အအုံမှာ နံကပ်၊ သွပ်မိုး၊ အများသုံးရေလောင်းအိမ်သာတို့ ပါဝင်ပြီး အခန်း(၁၄)ခန်းနဲ့ ဆောင်ရွက်ခဲ့ခြင်းဖြစ် ပါတယ်။ အဲဒီနောက်မှာ မန္တလေးမြို့၊ ရတနာပူရသမ၀ါယမအသင်းနဲ့ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရာမှာ ညောင်ဦးမြို့နယ်သမ၀ါယမအသင်းစုက မြေတန်ဖိုး ကျပ်သိန်း(၁၀၀)ကို အစုရှယ်ယာတန်ဖိုးအဖြစ်သတ်မှတ်ပြီး အကျိုးတူဆောင်ရွက်မယ့် ရတနာပူရသမ၀ါယမအသင်းကတော့ ကျပ်သိန်း (၄၀၀) ထည့်ဝင်ဖို့ စာချုပ် ချုပ်ဆိုဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီ ရတနာပူရသမ၀ါယမအသင်းက စာချုပ်အရ သတ်မှတ်ထားတဲ့ အစုရှယ်ယာကို ထည့်ဝင်မှုမရှိဘဲ ဟိုတယ်ဆောက်လုပ်ရေးလုပ်ငန်းကို အကြောင်းပြုပြီး မွေးမြူရေးနှင့် ရေလုပ်ငန်းဘဏ်က ဘဏ်ချေးငွေ ကျပ်သိန်း(၇၀၀၀)ကျော်ကို ရယူပြီး ပုဂံသမ၀ါယမဟိုတယ်ကို တည်ဆောက်ခဲ့ခြင်း ဖြစ်ပါတယ်။ ၂၁–၆–၁၉၉၆ ရက်နေ့ကစပြီး လုပ်ငန်း လည်ပတ်ခဲ့ပါတယ်။

ရတနာပူရသမဝါယမအသင်းအနေနဲ့ ချေးငွေများ အချိန်မီ ပေးဆပ်မှုမရှိဘဲ ငွေကြေး အလွဲသုံးစားမှု ဖြစ်ပေါ်တဲ့အတွက် ပုဂံဟိုတယ်လုပ်ငန်းကို မွေးမြူရေးနှင့် ရေလုပ်ငန်းဘဏ်ကနေ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၅ ခုနှစ်အထိ (၅)နှစ်နဲ့ (၃)လ ဝင်ရောက်ထိန်းသိမ်း ဆောင်ရွက်ခဲ့ပါတယ်။ ချေးငွေ အတိုးနဲ့အရင်း စုစုပေါင်းကျပ်သိန်း(၁၁၂၁၂)ကို ဖြတ်တောက်ရယူခဲ့ပါတယ်။ ၃၁-၃-၂၀၀၅ ရက်နေ့မှာတော့ ချေးငွေနဲ့ ကျေသွားတဲ့အတွက် မွေးမြူရေးဘဏ်ကနေ သမဝါယမအသင်းကို ပြန်လည်လွှဲပြောင်းပေးပြီးဖြစ်ပါတယ်။ ရတနာပူရသမဝါယမအသင်းဟာ အကျိုးတူလုပ်ငန်းစာချုပ် စည်းကမ်းပါအတိုင်း လိုက်နာမှုမရှိတဲ့အပြင် မူလပိုင်ရှင်ဖြစ်တဲ့ ညောင်ဦးမြို့နယ်သမဝါယမအသင်း အပေါ်မှာ အကျိုးငွေခွဲဝေပေးမှု မရှိခဲ့တဲ့အတွက် သမဝါယမဝန်ကြီးဌာနက ဟိုတယ်လုပ်ငန်းရဲ့ (၉)နှစ်တာကာလ စာရင်းတွေကို စစ်ဆေးပြီး အသင်းက ရရန်ရှိတဲ့ငွေတွေကို ခုနှိမ်ပြီးတဲ့နောက်မှာ အကျိုးငွေတွေကို ၁ : ၄ နဲ့ စာချုပ်ပါစည်းကမ်းအတိုင်း ရတနာပူရအသင်းကို ရှင်းလင်းပေးအပ်ခဲ့ ပါတယ်။ စည်းကမ်းဖောက်ဖျက်တဲ့ ရတနာပူရသမဝါယမအသင်းကိုလည်း သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေနဲ့အညီ ၂၄-၈-၂၀၁၆ ရက်နေ့မှာ စာရင်းရှင်းလင်း ဖျက်သိမ်းခဲ့ပြီးဖြစ်ကြောင်း တင်ပြအပ် ပါတယ်။

၁၅-၁၂-၂၀၁၀ ရက်နေ့မှာပြုလုပ်တဲ့ အသင်းစုဒါရိုက်တာအဖွဲ့ အစည်းအဝေးနဲ့ ၂၂-၁၂-၂၀၁၀ ရက်နေ့မှာပြုလုပ်တဲ့ သမဝါယမအသင်းစုရဲ့ အထွေထွေအရပ်ရပ်ဆိုင်ရာ အစည်းအဝေးမှာ အသင်းဝင်ကိုယ်စားလှယ်တွေရဲ့ အတည်ပြုဆုံးဖြတ်ချက်အရ ပုဂံသမဝါယမဟိုတယ်ကို အနိမ့်ဆုံး ကြမ်းခင်းဈေး အမေရိကန်ဒေါ်လာ (၁)သန်း သို့မဟုတ် သင့်တင့်သောနှုန်းထားနဲ့ ထက်အာကာကျော် သမဝါယမအသင်းစုကို လွှဲပြောင်းပေးဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ အဲဒီ ထက်အာကာကျော်သမဝါယမ အသင်းစုလက်အောက်မှာရှိတဲ့ ကောင်းထက်စံ အိမ်အလှဆင်လုပ်ငန်းနဲ့ ရောင်းဝယ်ရေးသမဝါယမ အသင်းလီမိတက်တို့ကို သမဝါယမအသင်းအချင်းချင်း မြန်မာငွေကျပ် သိန်း(၁၀၀၀၀)နဲ့ ၅-၇-၂၀၁၁ ရက်နေ့မှာ အရောင်းအဝယ်စာချုပ် ချုပ်ဆိုခဲ့ပါတယ်။ ညောင်ဦးမြို့နယ်သမဝါယမအသင်းစုရဲ့ ၁၈-၇-၂၀၁၄ ရက်နေ့မှာ ပြုလုပ်တဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးမှာ သဘော တူညီမှုနဲ့အညီ စုစုပေါင်း ကျပ်သိန်း(၁၉၅၀၀)နဲ့ ကောင်းထက်စံသမဝါယမအသင်းကို လွှဲပြောင်းရောင်းချ ခဲ့တဲ့အတွက် ၎င်း ကောင်းထက်စံသမဝါယမအသင်းက လုပ်ငန်းတွေလည်ပတ်နေတဲ့ အနေအထား ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သမဝါယမဟာ လူအများစု စုပေါင်းပိုင်ဆိုင်တဲ့ အသင်းအဖွဲ့တစ်ခု ဖြစ်ပြီး နိုင်ငံပိုင်ဘတ်ဂျက်နဲ့ လုပ်ကိုင်နေတဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းလည်း မဟုတ်တဲ့အတွက်ကြောင့် လည်းကောင်း၊ နိုင်ငံတကာချေးငွေ၊ ထောက်ပံ့ငွေ ပြေကျေကျော်လွန်တဲ့အထိ (State Income) ပေးသွင်းပြီး ဖြစ်သဖြင့်လည်းကောင်း၊ ဒီနိုင်ငံတော်ဝင်ငွေ (State Income) ပေးသွင်းခြင်း မပြုလုပ် သော်လည်းပဲ ကုန်သွယ်ခွန်၊ လုပ်ငန်းခွန်တွေကို နိုင်ငံတော်က သတ်မှတ်ထားတဲ့ နှုန်းထားအတိုင်း

နှစ်စဉ် အခွန်ထမ်းဆောင်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ တင်ပြပါလုပ်ငန်းတွေကို သက်ဆိုင်ရာ သမဝါယမအသင်းတွေက အသင်းသားတွေရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ထိန်းသိမ်း ဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ ဝန်ကြီးဌာနအနေနဲ့လည်း ပုံမှန်ထိန်းကျောင်းစစ်ဆေးလျက်ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းကို ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၂၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် (၃၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို **၁၁:၂၇** နာရီအချိန်တွင် ခေတ္တရပ်နားပြီး **၁၁:၅၇** နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၂:၀၂ ။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၂:၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၀၄။**

**ဒေါက်တာမျိုးအောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာမျိုးအောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ပြန်လည် ဖတ်ကြားရှင်းလင်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်း အစီရင်ခံစာ**

**စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၉** - ၂၁၅

**ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ၊ မေ လ ၁၇ ရက်**

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ် ပေးရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အစီရင်ခံစာကို ၂-၅-၂၀၁၉ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသည့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုးတို့က ၁၀-၅-၂၀၁၉ ရက် နေ့၌ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် အကြံပြုဆွေးနွေးခဲ့ကြပါသည်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသား လွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် တောင်သူလယ်သမား ရေးရာကော်မတီတို့မှ ကော်မတီဝင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၁၅-၅-၂၀၁၉ ရက်နေ့တွင် အမျိုးသား လွှတ်တော်၊ ဥပဒေကြမ်းကော်မတီ အစည်းအဝေးခန်းမတွင် တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ကြပါသည်။

**လေ့လာတွေ့ရှိချက်များ**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ်အကာအကွယ် ပေးရေးဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် -

(က) အစိပ္ပာယ်ဖွင့်ဆိုရာတွင် ပိုမိုပြည့်စုံမှုရှိစေရန်အတွက် အဆိုပြု ပြဋ္ဌာန်းထားသည့် ဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ(က)တွင် ဖော်ပြထားသော စကားရပ်များအစား အပင် ဆိုသည်မှာ အပင်လောကအတွင်းရှိ အဏုဇီဝများ အပါအဝင် မည်သည့်အပင်ကိုမဆို ဆိုသည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဂ)ကို အပိုဒ်ခွဲ(ဃ)ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား အပင်မျိုးမွေးမြူသူ ဆိုသည်မှာ အပင်မျိုးသစ် သို့မဟုတ် အပင်မျိုးတစ်မျိုးကို မွေးမြူသူ သို့မဟုတ် ရှာဖွေဖော်ထုတ်ပြီး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သူကို ဆိုသည် ယင်းစကားရပ်တွင် အပင်မျိုးမွေးမြူသူကို တာဝန်ပေးအပ်သည့် လုပ်ငန်းပိုင်ရှင် သို့မဟုတ် လုပ်ငန်းပိုင်ရှင်၏ကိုယ်စား ဆောင်ရွက်ခွင့်ရှိသူ သို့မဟုတ် အပင်မျိုးမွေးမြူသူ၏တာဝန်ကို တရားဝင် ဆက်လက်ဆောင်ရွက်သူတို့လည်း ပါဝင်သည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဃ)ကို အပိုဒ်ခွဲ(င)ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော အခြားသူတစ်ဦးတစ်ယောက်က ပုဒ်မ ၂၂၊ ၂၄ နှင့် ၂၅ ပါ ဆိုသည့်စကားရပ်ကို အခြားသူတစ်ဦးဦးက ဤဥပဒေ ပုဒ်မ ၂၃၊ ၂၄ နှင့် ၂၅ ပါ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) ပိုမိုရှင်းလင်းမှုရှိစေရန်အတွက် အဆိုပြုပြဋ္ဌာန်းထားသည့် ဥပဒေကြမ်း အပိုဒ် ၆ တွင် ဖော်ပြထားသော ကိုက်ညီမှုရှိ/မရှိ စစ်ဆေးပေးသည့် အပင်မျိုးသစ် စစ်ဆေးခြင်းဆိုင်ရာ ဆိုသည့်စကားရပ်ကို ကိုက်ညီမှုရှိ/မရှိကို အပင်မျိုးသစ် စစ်ဆေးခြင်းဆိုင်ရာ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၂၊ အပိုဒ်ခွဲ (ခ)တွင် ဖော်ပြထားသော အခြားတစ်ဦးတစ်ယောက်က ဆိုသည့်စကားရပ်ကို အခြားတစ်ဦးဦးက ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၂၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၆)နှင့် အပိုဒ် ၂၄ တို့တွင် ဖော်ပြထားသော တစ်ဦးတစ်ယောက် ဆိုသည့်စကားရပ်ကို တစ်ဦးဦး ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၈၊ အပိုဒ်ခွဲ (က)တွင် ဖော်ပြထားသော မြန်မာနိုင်ငံနယ်နိမိတ်အတွင်း ရောင်းချခြင်း ဆိုသည့်စကားရပ်ကို ပြည်တွင်း၌ ရောင်းချခြင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

(ဂ) မြန်မာစာအရေးအသား မှန်ကန်မှုရှိစေရန်အတွက်လည်းကောင်း၊ ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက်လည်းကောင်း ပြင်ဆင်သင့်သည်များကို ပြင်ဆင်ခဲ့ပြီး ပြင်ဆင်ချက် အပြည့်အစုံကို နောက်ဆက်တွဲဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် တောင်သူလယ်သမားရေးရာကော်မတီတို့မှ ကော်မတီဝင်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီ၏ မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့် ယခု ထပ်မံပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၂:၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆုံးအဖြတ် ရယူလိုသည့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၁၀။**

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင် ဖြည့်စွက်ချက်များဖြစ်တဲ့ –

အပိုဒ် ၂(က)၊ အပိုဒ် ၂(ခ)(၁)(၂)(၃)၊ အပိုဒ် ၂(ဂ)(ဃ)(င)၊ အပိုဒ် ၃(ဃ)၊ အပိုဒ်၄(က)၊ အပိုဒ် ၅(ခ)၊ အပိုဒ် ၆ ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြု တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင် ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(က)၊ အပိုဒ် ၂ (ခ)(၁)(၂)(၃)၊ အပိုဒ် ၂(ဂ)(ဃ)(င)၊ အပိုဒ် ၃(ဃ)၊ အပိုဒ် ၄(က)၊ အပိုဒ် ၅(ခ)၊ အပိုဒ် ၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ –

အပိုဒ် ၈(က)(ခ)၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂ (က) အပိုဒ်ခွဲငယ် (၂)(၃) (၄) (၅) (၆)နဲ့ အပိုဒ် ၁၂(ခ) ပြင်ဆင်ချက်များကိုလည်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြု တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈(က)(ခ)၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂ (က)(၂)(၃)(၄)(၅)(၆)၊ အပိုဒ် ၁၂(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ –

အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉ အပိုဒ် ၂၀(က) နဲ့ (ဂ)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂ ပြင်ဆင်ချက်များကိုလည်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြု တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။　　။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀(က)(ဂ)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။　　။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ –

အပိုဒ် ၂၃(က) ခြေဆင်း၊ အဲဒီအပိုဒ် ၂၃ အပိုဒ်ခွဲ(က)ရဲ့ အပိုဒ်ခွဲငယ် (၄)နဲ့ (၇)၊ အပိုဒ် ၂၃(ခ)၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆ ရဲ့ခြေဆင်း၊ အပိုဒ် ၂၆ (က)ရဲ့ ခြေဆင်း၊ အပိုဒ် ၂၆(က) အပိုဒ်ခွဲငယ် (၁)နဲ့ (၃)၊ အပိုဒ် ၂၆(ခ) ပြင်ဆင်ချက်များကိုလည်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြု တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။　　။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၃(က) ခြေဆင်း၊ အပိုဒ် ၂၃(က)(၄)(၇)၊ အပိုဒ် ၂၃(ခ)၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆ ခြေဆင်း၊ အပိုဒ် ၂၆(က) ခြေဆင်း၊ အပိုဒ် ၂၆ (က)(၁)(၃)၊ အပိုဒ် ၂၆(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၂၈(က)ရဲ့ ခြေဆင်း၊ အပိုဒ် ၂၈(က)ရဲ့ အပိုဒ်ခွဲငယ်(၂)၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃(က)(ခ)(ဂ)၊ အပိုဒ် ၃၄၊ အပိုဒ် ၃၆ ပြင်ဆင်ချက်များကိုလည်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြု တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၈(က) ခြေဆင်း၊ အပိုဒ် ၂၈(က)(၂)၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃(က)(ခ)(ဂ)၊ အပိုဒ် ၃၄၊ အပိုဒ် ၃၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ နောက်ဆုံးအနေနဲ့ကတော့ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၃၈၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃၊ အပိုဒ် ၄၄ နဲ့ အပိုဒ် ၄၅ ဒီအပိုဒ် (၇)ခုရဲ့ ပြင်ဆင်ချက်များကိုလည်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုပြု တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည် ဖြစ်တဲ့အတွက် အပိုဒ် ၃၈၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကြီးကနေပြီးတော့ ပြင်ဆင်ချက်များနဲ့ အတည်ပြုလိုက်တဲ့ အပိုဒ်၊ အပိုဒ်ခွဲတွေမှ အပဖြစ်တဲ့ ကျန်ရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲတွေကိုတော့ အဆိုပြု ပြဋ္ဌာန်းချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုပေးနိုင်ပါရန် အဆိုပြု တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၄၇ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၄၇ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၂:၁၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အမျိုးသား လွှတ်တော်က အတည်ပြုပေးဖို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၁၉။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှတင်သွင်းတဲ့ ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး တစ်ပိုဒ်ချင်းစီအလိုက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှ အတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက်ကြောင့် အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုပြု တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၂:၁၉။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀:၀၀။**

**ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာပါ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တင်သွင်းသော ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန် ကျွန်တော် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မျိုးဝင်း မှ ထောက်ခံပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၂:၂၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အဆိုမှာ ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် ဒသမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂:၂၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို ၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၂:၂၁ နာရီအချိန်တွင် ရပ်နားပါသည်။]